# ညွန့်ပေါင်းသတင်းလွှာ

NCGUB

အမှတ် ၅၁
ဖေဖော်ဝါရီ ၂၀၀၉

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။

## အိုင်ယာလန်ညီလာခံ

### အဝေးရောက်လွှတ်တော်
### အဝေးရောက်အစိုးရသစ်

ပြည်ပရောက် မြန်မာလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ) ၏ စတုတ္ထညီလာခံ ဒုတိယအကျော့ကို အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့တွင် ဇန်နဝါရီ (၂၁)ရက်မှ (၂၃)ရက်အထိ အစည်းအဝေးကျင်းပခဲ့ကြသည်။ ပြည်ပရောက်လွှတ်တော်ကိုယ်စားလှယ် (၃၃)ဦးအနက် ကျန်းမာရေးမကောင်းသူတဦးမှလွဲ၍ အစုံအညီတက်ရောက်ခဲ့ကြသည်။

ကုလသမဂ္ဂတွင် နအဖနေရာ စိန်ခေါ်ရေးကိစ္စ လုပ်ရေးမလုပ်ရေး ဆုံးဖြတ်ရာတွင် မလုပ်ရေးဘက်မှ ၁၈ မဲ၊ လုပ်ရေးဘက်မှ ၁၅ မဲဖြင့် မလုပ်ရေး ဆုံးဖြတ်ခဲ့သည်။ MPU အလုပ်အမှုဆောင်ကော်မတီကို လွှတ်တော်အာဏာ မပေးရန်လည်း ဆုံးဖြတ်ခဲ့သည်။

ညီလာခံနောက်ဆုံးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ရွေးရာ ဒေါက်တာစိန်ဝင်းက ၂၂ မဲ၊ ဦးသိန်းဦးက ၁၁ မဲ ရရှိသဖြင့် ဒေါက်တာစိန်ဝင်း ပြန်လည်ရွေးကောက်တင်မြှောက်ခံရပြီး ဝန်ကြီးအသစ် (၃)ဦးအပါအဝင် စုစုပေါင်းဝန်ကြီး(၆)ဦးကို ဝန်ကြီးချုပ်မှ အမည်စာရင်းတင်သွင်းရာ၌ (၆)ဦးစလုံး ကိုယ်စားလှယ်များ၏ လုံးလုံးလျားလျားဆန္ဒမဲ ရရှိခဲ့သည်။ ဒေါက်တာစန်း



အောင်မှာ ၎င်း၏ဆန္ဒအရ ဝန်ကြီးလောင်းစာရင်းတွင် မပါဝင်ခဲ့။ ထိုနောက်တွင် ဒီမိုကရေစီနည်းကျ ရွေးချယ်ထားသည့် ဝန်ကြီးအဖွဲ့က အလှည့်ကျသဘာပတိ ဒေါ်စန်းစန်း၏ရှေ့မှောက်တွင် ကတိသစ္စာဆိုခဲ့ကြသည်။

ခွန်မြင့်ထွန်း။ ။ *ပထမဆုံးကတော့ အစိုးရအဖွဲ့ကို ပြန်ပြီးတော့ ရွေးချယ်တင်မြှောက်တာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ကတော့ ဒီ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှာကျင်းပခဲ့တဲ့ ညီလာခံရဲ့ဆုံးဖြတ်ချက်ကို ဆက်လက်အကောင်အထည်ဖော်ဖို့အတွက် ကော်မတီတရပ် ဖွဲ့စည်းပြီးတော့ တာဝန်ပေးခဲ့ပါတယ်။ နောက် မူပိုင်းဆိုင်ရာနဲ့ ပတ်သက်ရင်လဲ ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်ကတည်းကချမှတ်ထားတဲ့ တွေ့ဆုံဆွေးနွေးရေးအခြေခံလမ်းကြောင်းပေါ်မူတည်ပြီးတော့ ရပ်တည်ခဲ့ကြတယ်။ ... အခုအခါမှာတော့ နအဖ အနေနဲ့က တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ဖို့ကို လုံးဝဆန္ဒမရှိခဲ့ဘူး၊ ... ဘာမှပြင်ဆင်မှုမရှိတော့ပါဘူး။ ဒါကြောင့်မို့ ကျနော်တို့အနေနဲ့ တွေ့ဆုံဆွေးနွေးရေး ဆိုတဲ့တံခါးကိုတော့ အမြဲဖွင့်ထားပေးမယ်၊ သို့သော်လဲ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ကတော့ နအဖကို ဖိအားပေးမှုရမယ်။ နအဖကကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေကိုတော့ နိုင်ငံတကာခုံရုံးတွေမှာ တရားစွဲဆိုရေးလုပ်ငန်းတွေ လုပ်နေတဲ့သူတွေကို ကျနော်တို့ အားပေးကူညီပြီး ထောက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။*

ဤအမ်ပီယူညီလာခံတွင် "သွေးမြေကျရန်ပွဲများဖြစ်ခဲ့သည်" "လက်ရှိအစိုးရဘက်မှဝန်ကြီးရာထူးများဖြင့်မဲဝယ်သည်" ဟု ကောလဟာလများထွက်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဒေါက်တာတင့်ဆွေက အကြိတ်အနယ်ဆွေးနွေးငြင်းခုံမှုများ ရှိခဲ့သော်လည်း ကိုယ်စားလှယ်များအားလုံး လူကြီးလူကောင်းဆန်စွာ ပြုမူ-ဆက်ဆံ-ပြောဆိုခဲ့ကြကြောင်း၊ စစ်အစိုးရ၏ကုလသမဂ္ဂနေရာ စိန်ခေါ်ရေးကိစ္စ လုပ်သင့်-မသင့် ဒီမိုကရေစီနည်းကျ မဲခွဲဆုံးဖြတ်ပြီးမှသာ အစီအစဉ်အတိုင်း ဝန်ကြီးချုပ်ကိုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲဝယ်နိုင်သည့်အခြေအနေမရှိကြောင်း ရှင်းလင်းခဲ့သည်။ အိုင်ယာလန်အစည်းအဝေး မသွားမီကလည်း

(စာမျက်နှာ ၆ သို့)

## ၂၀၁၀ ရွေးကောက်ပွဲနှင့် အဖွဲ့ချုပ်



လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အရင်ဆုံးပြန်ပြင်ပေးမှသာ ရွေးကောက်ပွဲကိစ္စကို စဉ်းစားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ဇန်နဝါရီ (၈)ရက်တွင် ပြောကြားလိုက်သည်။

*"ဒီအခြေခံဥပဒေဆိုတာက အတည်မဖြစ်သေးဘူး။ လွှတ်တော်ပေါ်ပေါက်လာတဲ့အခါကြမှ အခြေခံဥပဒေက အတည်ဖြစ်မှာ။ အဲဒီအတည်မဖြစ်ခင် အခြေခံဥပဒေကို ပြန်လည်သုံးသပ်ကြရအောင်ဆိုပြီး ကျနော်တို့က ကမ်းလှမ်းတယ်။ ဒီအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးဆိုတဲ့ကိစ္စကို ဘာမှ တစုံတရာအဖြေမပေးဘဲနဲ့၊ လက်ခံခြင်းမပြုဘဲနဲ့ ရွေးကောက်ပွဲဆိုတာကို ကျနော်တို့ကတော့ ဘာမှ စကားထဲကိုထည့်မပြောဘူး၊ အသိအမှတ်လဲမပြုဘူး၊ စဉ်းလဲမစဉ်းစားဘူး။ ဒါ ကျနော်တို့ရဲ့ လက်ရှိအခြေအနေဘဲ။...*

*"ဒီ ကွန်စတီကျူးရှင်းကို ကျနော် အယုံအကြည်မရှိဘူး၊ ဒီ ကွန်စတီကျူးရှင်းတင်မဟုတ်ဘူး၊ ဒီ ကွန်စတီကျူးရှင်းကို မွေးဖွားပေးလိုက်တဲ့ သူတို့စစ်အစိုးရရဲ့ အရှေ့ချဲ့ပေါ့ဗျာ၊ သို့မဟုတ်လဲ ရွှေရည်စိမ်အတုအယောင် အမျိုးသားညီလာခံဆိုတာကိုလဲ ကျနော်ပစ်ပယ်တယ်။... Disband ဖျက်သိမ်းရမယ်။"*

ဤသဘောထားကို အင်းစိန်ထောင်၌ အကျဉ်း

(စာမျက်နှာ ၇ သို့)

ယ ခု လ ဖတ် စ ရာ

| | |
|---|---|
| သတင်းလွှာအာဘော် (ပြည်တွင်းစစ်အသစ်) | ၂ |
| စင်ပြိုင်သံသရာ | ၃ |
| စီးပွားရေးပိတ်ဆို့မှုပြဿနာ | ၃ |
| ညီ အစိုးရ | ၄ |
| ညွှန့် အစိုးရ | ၅ |
| သူတို့ စကား | ၇ |
| မှဒိမ်းလိုင်စင် | ၇ |
| မီးတောက်မီးလျှံများ | ၈ |
| ဖြစ်ရပ်မှန် | ၉ |
| ကြပ်ပြေးငရဲတွင်း | ၉ |
| ဩော် …နအဖ | ၁၀ |
| လူသတ် | ၁၂ |
| မင်းမဲ့ | ၁၂ |

http://www.foxitsoftware.com For evaluation only.



# "၂၀၁၀ ရွေးကောက်ပွဲ [သို့မဟုတ်] ပြည်တွင်းစစ်အသစ် ဖန်တီးခြင်း"

ဖေဖော်ဝါရီလသည် မြန်မာနိုင်ငံသမိုင်း၌ ထူးခြားသည့်လ ဖြစ်သည်။ ဖေဖော်ဝါရီ(၇)ရက်သည် ရှမ်းအမျိုးသားနေ့ဖြစ်သည်။ မွန်အမျိုးသားနေ့သည် တပို့တွဲလပြည့်ကျော် (၁)ရက် ဖေဖော်ဝါရီ (၁၀)ရက်၌ ကျရောက်သည်။ ဖေဖော်ဝါရီ (၁၂)ရက်သည် ပင်လုံစိတ်ဓာတ် သန္ဓေတည်သည့် ပြည်ထောင်စုနေ့ဖြစ်သည်။ တဖန် ဖေဖော်ဝါရီ (၁၃)ရက်သည် အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ဖြစ်၍ ဖေဖော်ဝါရီ (၂၀)ရက်သည် ချင်းအမျိုးသားနေ့ဖြစ်သည်။ ထို့ကြောင့် ဖေဖော်ဝါရီသည် အမျိုးသားရေးလက္ခဏာများ၏ ဆုံချက်သဖွယ်ဖြစ်တည်နေပေသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ရှမ်းပြည် ပင်လုံခရီးစဉ်၌ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို ပြန်လည်ကိုးကားလိုသည်။ *"ဒီမိုကရေစီအစိုးရတရပ် တက်လာတဲ့အခါကျရင် ကျမတို့ ပင်လုံလိုညီလာခံကြီး ထပ်ပြီးတော့ခေါ်ရမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုပင်လုံညီလာခံကြီးထပ်ခေါ်ပြီးတော့ ကျမတို့ပြည်ထောင်စုသစ်ကို ဘယ်ပုံဘယ်နည်းထူထောင်မယ်ဆိုတာ တိုင်းရင်းသားလူမျိုးစုတွေအားလုံးနဲ့ ဆွေးနွေးပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒီလို ညီလာခံမျိုးဆိုတာ ပြည်သူလူထုတင်မြှောက်တဲ့အစိုးရမျိုးကသာ ခေါ်ယူပိုင်ခွင့်ရှိပါတယ်။ ဒီလိုကိစ္စမျိုးဟာ အများပြည်သူလူထုကနေပြီးတော့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲများမှတဆင့် တင်မြှောက်လိုက်တဲ့အစိုးရများကသာ လုပ်ပိုင်ခွင့်ရှိတယ်လို့ ကျမတို့ယုံကြည်ပါတယ်။"*

ပြည်သူကတင်မြှောက်သောအစိုးရ မဟုတ်သည့် နအဖတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲပိုင်ခွင့်မရှိ။ ယနေ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက ဝိုင်းဝန်းတိုက်တွန်းနေသည်မှာ စစ်လွှမ်းမိုးရေးဖွဲ့စည်းပုံကို တိုင်းရင်းသားများ၏ နိုင်ငံရေးရည်မှန်းချက်များနှင့် ဆီလျော်အောင် ပြန်လည်သုံးသပ်ရန်၊ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ၏ ပါဝင်မှုကိုလည်း နအဖအနေဖြင့် လက်ခံရန်ဖြစ်သည်။ နအဖက အာဏာကို အသေဆုပ်ကိုင်ထားလို၍ ယင်းတိုက်တွန်းချက်ကို ငြင်းဆန်နေဆဲရှိသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးလည်း မလုပ်နိုင်၊ ၁၉၉၀ ခုနှစ် ပြည်သူ့ဆန္ဒကိုလည်းပစ်ပယ်ကာ၊ ရွေးကောက်ပွဲအသစ် ထပ်မံကျင်းပရန် စိုင်းပြင်းနေခြင်းမှာ ပြည်တွင်းစစ်အသစ်တခုကို ဖိတ်ခေါ်နေရာကျသည်။ စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရေးလမ်းစဉ်မှ သွေဖည်နေရုံသာမက ပြည်တွင်း ပြည်ပရှိ တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၏ ဆန္ဒသဘောထားများနှင့်လည်း လုံးဝဆန့်ကျင်နေပေသည်။

၁၉၈၈ ခုနှစ် လူထုဒီမိုကရေစီအရေးတော်ပုံကာလကို ပြန်ကြည့်လျှင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတောင်းဆိုသံများနှင့်အတူ "ပင်လုံစိတ်ဓာတ်" ပြန်လည်နိုးကြားလာသည်ကို သတိပြုသင့်သည်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် လူထုဆန္ဒမဲ ရှစ်ဆယ်ရာခိုင်နှုန်းကျော် အနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားနိုင်ငံရေးပါတီ (၂၁)ခုပေါင်းစုထားသော ပြည်ထောင်စုတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့်ညှိနှိုင်းကာ ၁၉၉၀ ခုနှစ် ဩဂုတ်လ(၂၉)ရက်နေ့တွင် "ဗိုလ်အောင်ကျော်လမ်းထုတ်ပြန်ကြေညာချက်"ကို ထုတ်ပြန်ခဲ့သည်။

"ဗိုလ်အောင်ကျော်လမ်းထုတ်ပြန်ကြေညာချက်"တွင် "ပြည်သူ့လွှတ်တော်" တရပ်ပေါ်ပေါက်ရေးကို တောင်းဆိုသည်။ ပြည်သူ့လွှတ်တော်ပေါ်ပေါက်မှသာ စစ်မှန်သောဒီမိုကရေစီအစိုးရတရပ် ပေါ်ပေါက်နိုင်ပြီး၊ ထိုအစိုးရ၏ဦးဆောင်မှုဖြင့် "အမျိုးသားအတိုင်ပင်ခံညီလာခံ"တွင် တိုင်းရင်းသားလူမျိုးစုံကိုယ်စားလှယ်များ၊ ပါတီအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်များတက်ရောက်၍ ပြည်ထောင်စုအခြေခံမူများအပါအဝင် အများသဘောတူလက်ခံနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ရေးဆွဲချမှတ်ရန်ဖြစ်သည်။

စစ်ခေါင်းဆောင်တို့အနေဖြင့် တိုင်းရင်းသားပြည်သူလူထုအပေါ် စေတနာအမှန်ရှိသည်ဆိုလျှင် ဦးစွာ ညောင်နှစ်ပင်ဖွဲ့စည်းပုံမူကြမ်းအား ပြန်လည်သုံးသပ်ညှိနှိုင်းသင့်ပေသည်။ နိုင်ငံသားတိုင်းအား နိုင်ငံ့အရေးကိစ္စများတွင် ပါဝင်ခွင့်ပြုရပေမည်။ နိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်း ခြွင်းချက်မရှိလွှတ်သင့်သည်။ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရန်လည်းလိုသည်။ တိုင်းရင်းသားအားလုံး နိုင်ငံ့အရေးအရာများတွင် တန်းတူပါဝင်ခွင့်ပေးရန်လည်းလိုသည်။ အရေးအကြီးဆုံးအချက်မှာ ကုလသမဂ္ဂ၏ကြီးကြပ်မှုဖြင့် NLD ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် စစ်ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေး၍ အမျိုးသားပြန်လည်သင့်မြတ်ရန် ဦးစွာလုပ်ရပေမည်။

အချုပ်ဆိုရလျှင် စစ်ခေါင်းဆောင်တို့အနေဖြင့် စစ်တပ်ကြိုးကိုင် ညောင်နှစ်ပင်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန် ငြင်းဆန်လျှက်၊ ၂၀၁၀ ရွေးကောက်ပွဲကို ဓားမိုးကျင်းပပါက၊ ပြည်တွင်းစစ်အသစ်ကို တမင်ဖန်တီးရာရောက်၍ သမိုင်းတရားခံ ဧကန်မုချဖြစ်ရပေလိမ့်မည်ဟု ညွန့်ပေါင်းသတင်းလွှာက သတိပေးလိုက်ရပေသည်။ ။

# နိုင်ငံတကာ သွေးစည်းရေး

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်လူ့အခွင့်အရေးခေါင်းဆောင် မာတင်လူသာကင်း၏သားသမီးများက ယုံကြည်ချက်အတွက်အိမ်မက်များ အကောင်အထည်ဖော်သူ လူ့အခွင့်အရေးဆုကို ဇန်နဝါရီ (၁၉)ရက်၌ ချီးမြှင့်လိုက်သည်။



၂၀၀၇ ခုနှစ် စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး လျှို့ဝှက်ဗီဒီယိုများကို မှတ်တမ်းရုပ်ရှင်အဖြစ် ပြောင်းလဲဖန်တီးထားသည့် BURMB VJ ရုပ်ရှင်သည် ဇန်နဝါရီ (၂၅)ရက်က Sundance ရုပ်ရှင်ပွဲတော်၌ တည်းဖြတ်မှုထူးချွန်ဆု ဆွတ်ခူးရရှိသွားသည်။ ဤရုပ်ရှင်မှာ မြန်မာနိုင်ငံတွင်းမှ ဒီဗွီဘီသတင်းထောက် (၃၀) ရိုက်ကူးခဲ့သည့် လျှို့ဝှက်မှတ်တမ်းတင် ဗီဒီယိုအပိုင်းစများကို နော်ဝေးနိုင်ငံမှ ဖလင်အယ်ဒီတာ နှစ်ဦးက ဆက်စပ်ပြီး မှတ်တမ်းရုပ်ရှင်အဖြစ် ပီပြင်စွာတည်းဖြတ်ထားခြင်းဖြစ်သည်။ ♦




သတင်းများကို ဒီဗွီဘီ၊ ဗွီအိုအေ၊ အာအက်ဖ်အေ၊ ဘီဘီစီ၊ ခေတ်ပြိုင်၊ ရိုးမ၃၊ FBR ၊ IMNA ၊ နိုရဋ္ဌရာ၊ မဇ္ဈိမ၊ ရောဝတီ၊ ရှမ်းသံတော်ဆင့်၊ ကန္တာရဝတီတိုင်းမ်၊ ပြည်တွင်းသတင်းဂျာနယ်များနှင့် အင်တာနက်တို့မှ ရယူပါသည်။

# စင်ပြိုင်သံသရာ



မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ လိုအပ်ချက်အရ ခိုင်မာကျယ်ပြန့်သည့် "အမျိုးသားညီညွတ်ရေးအစိုးရ"တရပ်ကို တိုင်းရင်းသားအဖွဲ့အစည်းများ ဒီမိုကရေစီရေးလှုပ်ရှားနေသည့်အဖွဲ့အစည်းများနှင့် အတူ ဖွဲ့စည်းသွားမည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (အဲန်စီယူဘီ)က ဇန်နဝါရီ (၁)ရက် နှစ်သစ်ကူးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကြေညာချက်တွင် "ဖက်ဒရယ်ပြည်ထောင်စု ကြီးတည်ဆောက်ရန် အမျိုးသားသွေးစည်းညီညွတ်ရေး မှုတဆင့် ခိုင်မာကျယ်ပြန့်သည့်နိုင်ငံရေးဦးဆောင်မှုတရပ် လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ပြီး ယင်းအခြေခံမှ (ယာယီ) အမျိုးသားညီညွတ်ရေးလွှတ်တော် (De-facto Parliament)တရပ် ပေါ်ပေါက်ရေး နှင့်အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government-NUG) ခေါ် စစ်ပြိုင်အစိုးရတရပ် ဖွဲ့စည်းတိုက်ပွဲဝင်သွားရေးကို အမျိုးသားရေးလုပ်ငန်းစဉ် အဖြစ် အခိုင်အမာချမှတ်ဖော်ဆောင်သွားမည်" ဟု ဖော်ပြထားသည်။ သို့ရာတွင် လက်ရှိစင်ပြိုင်အစိုးရဖြစ်သည့် အမျိုးသားညွန့်ပေါင်းအစိုးရနှင့်မူ တိတိကျကျ မဆွေးနွေးရသေးဟုလည်း အဲန်စီယူဘီကဆိုသည်။

NCUB ဒုဥက္ကဌလည်းဖြစ်၊ NCGUB ဖက်ဒရယ်ရေးရာဝန်ကြီးလည်းဖြစ်သည့် ခွန်းမားကိုဘန်းကလည်း ယင်းကြေညာချက်နှင့်ပတ်သက်၍ တိုင်ပင်ညှိနှိုင်းခံရမှု မရှိဟုပြောခဲ့သည်။

ကြေညာချက်တွင် စင်ပြိုင်အစိုးရဟု မသုံးဘဲ "စစ်ပြိုင်အစိုးရ" ဟုသုံးနှုန်းထားပြီး "နိုင်ငံရေး၊ သံတမန်ရေးနှင့် ခုခံကာကွယ်စစ်တိုက်ပွဲများပေါင်းစပ်၍ စဉ်ဆက်မပြတ်တိုက်ပွဲဝင်သွားမည်" ဟုဆိုထားသော်လည်း ဇန်နဝါရီ (၈)ရက်တွင်မူ အမှားပြင်ဆင်ချက်အဖြစ် မူလကြေညာချက်ပါ "ခုခံကာကွယ်စစ်တိုက်ပွဲ" ဟူသောစကားလုံးကို "ခုခံကာကွယ်ရေးလှုပ်ရှားမှု တိုက်ပွဲ" ဟု ပြင်ဆင်ခဲ့သည်။

အဲန်စီယူဘီက ဇန်နဝါရီ (၇)(၈)ရက်တွင်မှ အစည်းအဝေးတရပ် ကျင်းပကာ ၂၀၀၉ ခုနှစ်အတွင်း ပြည်ပအခြေစိုက်စင်ပြိုင်အစိုးရသစ်တရပ် ဖွဲ့စည်းရေး လက်တွေ့လုပ်ငန်းစဉ်များကို တပ်ပေါင်းစုဝင်များကို ချပြခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်ကမူ *"စင်ပြိုင်အစိုးရအသစ်ဟာ နှစ်ဖွဲ့ဖွဲ့သလို ဖြစ်နေတယ်။ အစိုးရကို နှစ်ဖွဲ့ အချင်းချင်း ပြန်ပြီးတော့ စင်ပြိုင်လုပ်ကြဦးမယ်ဆိုရင်တော့၊ အစိုးရနှစ်ခု၊ နှစ်ပြည်ထောင်ဖြစ်မယ်ဆိုရင်တော့၊ အစိုးရနှစ်ခုကွဲမယ်ဆိုရင်တော့ အဲဒီဟာလုပ်တဲ့လူသည် တရားခံဘဲလို့ ကျနော်ကပြောတယ်။ သမိုင်းတရားခံဘဲ"* ဟု ထုတ်ဖော်သတိပေးခဲ့သည်။

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) အဖွဲ့၏ အစိုးရဖွဲ့စည်းရေး သဘောထားမှာ နအဖ က တပြည်လုံးတွင် အပစ်အခတ်ရပ်စဲရေးနှင့် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာပြီးနောက်မှ အဖွဲ့အားလုံးပါဝင်သော ညွန့်ပေါင်းအစိုးရသစ်ကို တည်ထောင်ရန်နှင့် နအဖမှ ပြည်သူသို့ အာဏာလွှဲပြီးလျှင် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်ဖြစ်သည်ဟု ဇန်နဝါရီ (၉)ရက်နေ့တွင် NCGUB သို့ တရားဝင်သဘောထားပေးပို့ခဲ့သည်။

*(စာမျက်နှာ ၄ သို့)*

# စီးပွားရေး ပိတ်ဆို့ ဒုက္ခိတ်ရေးပြဿနာ



ဇန်နဝါရီ (၁၁)ရက်တွင် အရှေ့တီမော သမတ ရာမို့စ်ဟိုတာက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆက်လက် ထောက်ခံသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့ နိုင်ငံခြားသတင်းထောက်များကလပ်၌ ပြောလိုက်ပြီး တဆက်တည်းတွင် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့အနေဖြင့် ၎င်းတို့၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူရေးမူဝါဒများအား ပြန်လည်သုံးသပ်ရန်၊ မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ခိုင်မာတိကျသည့် လုပ်ငန်းစဉ်များထားရှိရန်နှင့် စီးပွားရေးပြန်လည်ထူထောင်မှု အစီအစဉ်များ တပြိုင်တည်း ပြင်ဆင်ဆောင်ရွက်သွားရန် တိုက်တွန်းခဲ့သည်။

အရှေ့တီမော သမတ၏ ပြောကြားချက်အပေါ် အမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ယခုလို သဘောထားပေးသည်။

*"စီးပွားရေးပိတ်ဆို့မှုရဲ့ အဓိကပစ်မှတ်က နအဖ ဗိုလ်ချုပ်တွေနဲ့ သူတို့လက်ဝေခံ အမြတ်ထုတ်နေတဲ့ လုပ်ငန်းရှင်တွေကို ရည်ရွယ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကို ထိခိုက်စေမယ့် ကျူးဘားပိတ်ဆို့မှုလိုမျိုး ဘယ်နိုင်ငံမှ မလုပ်ပါဘူး။ ကျနော်တို့ကလဲ မတောင်းဆိုပါဘူး။ လက်ရှိမြန်မာနိုင်ငံရဲ့စီးပွားရေးဟာ တကယ့်တံခါးဖွင့်စီးပွားရေးဖြစ်ခဲ့မယ်၊ တကယ့်ဈေးကွက်စီးပွားရေးမှာ တန်းတူညီမျှစီးပွားရေး လုပ်ကိုင်နိုင်ကြမယ်၊ အကျိုးအမြတ်တွေဟာ ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှုမျိုး ရှိမယ်ဆိုရင်၊ အဲဒီလို စီးပွားရေးပြုပြင်ပြောင်းလဲမှုမျိုး လုပ်တဲ့အချိန်မျိုးဆိုရင် ကျနော်တို့က ပြည်သူလူထုအတွက် အများကြီးစဉ်းစားပေးဖို့ရှိပါတယ်။ အဲဒီတော့ စီးပွားရေးပိတ်ဆို့မှုကို ပြောနေတဲ့အခါမှာ စီးပွားရေးပိတ်ဆို့မှုကိုဖွင့်လိုက်ရင်ရော နအဖက ပြောင်းသွားမလား။ ပြည်သူလူထုအတွက် အကျိုးရှိမလား။ ပြောင်းမယ့်ခြေလှမ်းတွေရော သူတို့ဘာကို လုပ်သလဲ၊ ပြောင်းမယ့်ခြေလှမ်းတွေကိုလုပ်ဖို့ တိုက်တွန်းဖို့က ပိုအရေးကြီးတယ်လို့ ကျနော်တို့ကမြင်ပါတယ်။* ♦

(စင်ပြိုင်သံသရာ မှ)

# အမျိုးသားညီညွတ်ရေးအစိုးရ ဆိုသည်မှာ



ဒေါ်စန်းစန်း (MPU)

"အမျိုးသားညီညွတ်ရေးလွှတ်တော်ဟာ ၂၀၀၉ ခုနှစ် မေ-ဇွန် အဲဒီလောက်မှာ ၂၀၀၉ ခုနှစ် နှစ်လယ်လောက်မှာ ဖြစ်အောင်လုပ်မှာပါ။ အဲဒါပြီးတော့မှတခါ အဲဒီလွှတ်တော်ကနေပြီးတော့ အစိုးရတရပ်ပေါ်အောင် နောက်မှလုပ်မှာပါ။ ဒါကြောင့်မို့လို့ အမျိုးသားညီညွတ်ရေးလွှတ်တော်နဲ့ အမျိုးသားညီညွတ်ရေးအစိုးရကို ဒဗ္ဗလင်နဲ့ရောလို့ မဖြစ်ပါဘူးရှင့်။ အဲဒီမှာ အဲဒါ သွားမလုပ်ပါဘူး။...

ကျမတို့က ရွေးချယ်ခံထားရတဲ့လူတွေနဲ့ဘဲ တိုးချဲ့မယ်။ အဲဒီတိုးချဲ့တဲ့ အစိုးရကနေပြီးတော့မှ ပြည်သူ့လွှတ်တော်တရပ်ပေါ်လာတဲ့အခါကျတော့ သူကတခါ အဲဒီတိုးချဲ့ထားတဲ့အစိုးရနဲ့ နောက်ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ပေါင်းပြီးတော့မှ ဖြစ်ပေါ်လာမယ့်အစိုးရဖြစ်ပါတယ်။ အဲဒီတော့ တစ်အချက်ကတော့ ဒီ NCGUB အစိုးရသည် နောက်ဖြစ်ပေါ်လာမယ့် အဲဒီညီညွတ်ရေးအစိုးရကို လက်ခံနိုင်တဲ့အစိုးရ ဖြစ်ရပါမယ်။... တစ်အချက်ကတော့ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ အမတ်တွေနဲ့ဘဲ တိုးချဲ့မှာဖြစ်တယ်။ ဒါတစ်အချက်ပါ။ အဲဒီလိုတိုးချဲ့ပြီးတဲ့အခါကျတော့ ကျမတို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ လွှတ်တော်ကိုအားကောင်းအောင် လုပ်မယ်။ ခုနကပြောသလိုဘဲ တော်လှန်ရေးနယ်မြေမှာဆိုရင် အဲန်စီယူဘီရှိတယ်၊ အဲန်စီဂျီယူဘီဆိုတဲ့ အစိုးရတရပ်ရှိတယ်။ NCUB က၊ ကျမတို့လွှတ်တော်ရဲ့ ကျမတို့ဟာ လွှတ်တော်အလယ်ခေါင်ကပေါ့နော်၊ NCGUB အားကောင်းလာမှာတော့ ခုနကပြောတဲ့၊ အများကြီးဖြစ်နေတဲ့ ရှမ်းအစိုးရ၊ နောက်ပြီးရင် ကရင်နီအစိုးရ၊ အဲဒီအစိုးရတွေအကုန်လုံးက ကျမတို့နဲ့ ပူးပေါင်းမှာဖြစ်တယ်။ အစိုးရပေါင်းတာမဟုတ်ပါဘူး၊ ခေါင်းဆောင်တွေ ပေါင်းတာပါ။ ♦



ဦးမြင့်သိန်း (NCUB တွဲဖက်အတွင်းရေးမှူး)၊

"အတိုက်အခံအင်အားစုတွေအတွင်းမှာ တကယ့်လက်တွေ့ကျတဲ့၊ တိုက်ပွဲဝင်အစိုးရကောင်းတရပ် ပေါ်ပေါက်လာဖို့ဘဲ အဓိကဦးတည်တယ်။... ၂၀၁၀ လွန်ကာလတွေမှာ ဖြစ်နိုင်ခြေရှိတဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် တကယ့်ကို အားရှိပြီးတော့ လက်တွေ့ကျတဲ့ တိုက်ပွဲဝင်အစိုးရတရပ်ဆိုတာ အနာဂတ်ကိုမျှော်လင့်ထားတဲ့၊ အနာဂတ်ဖြစ်စဉ်ကိုရည်ညွှန်းပြီး ပြောတာဖြစ်တယ်။... နှစ်ပေါင်း(၅၀)ကျော် တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲဝင်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ။ နောက်ပြီးတော့ ဒီက ဒီမိုကရေစီအင်အားစုတွေ၊ ၁၉၉၀ ခု ရွေးကောက်ပွဲက ရွေးချယ်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ နောက် နိုင်ငံတကာမှာရှိတဲ့ တတ်သိပညာရှင် မျိုးချစ်နိုင်ငံသားတွေ၊ သူတို့အားလုံးနဲ့ ပေါင်းစပ်ပြီးတော့ ဒါကို ဖွဲ့စည်းသွားမှာပါ။...

တရားဝင်မှုဆိုတာက ရွေးကောက်ပွဲတွေက၊ ဒီလူထုကနေ ရွေးချယ်လိုက်တယ်၊ အဲဒီလိုမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့မှ ဖွဲ့စည်းရမယ်၊ စုစည်းရမယ်ဆိုတာမျိုးမှ တရားဝင်မှုရှိတယ်လို့ ကျနော်တို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျနော်တို့လေ့လာထားတဲ့ နိုင်ငံတကာ ဥပဒေတွေအရ တရားဝင်မှုဆိုတာက ရွေးချယ်တင်မြှောက်ခံရတဲ့ အခြေအနေတခုခုကို ကျော်ဖြတ်ပြီးတော့ အဖွဲ့အစည်းတခုခုအဖြစ်နဲ့ တည်ရှိနိုင်တယ် ဆိုလို့ရှိရင် တရားဝင်မှုရှိတယ်လို့ ကျနော်တို့ ဒီလိုနားလည်ပါတယ်။...

/စင်ပြိုင်အစိုးရအဖွဲ့ရှိနေလျှက်နဲ့ နောက်ထပ်စင်ပြိုင်အစိုးရသစ် ဖွဲ့ဖို့ဆိုတာ ညီညွတ်ရေးပြိုကွဲတဲ့အသွင် ဆောင်မဆောင်နှင့် ပတ်သက်၍/ ဒီနေ့ ကျနော်တို့တိုင်းပြည်မှာရှိတဲ့ သန်း(၅၀)ကျော် လူထုခံစားနေရတဲ့ ဒုက္ခသောကတွေအတွက် ပိုပြီးအရေးကြီးတယ်လို့ မြင်ပါတယ်။... ဒါကြောင့်မို့လို့ အဲဒီအပေါ်မှာလဲ ကျနော့်အနေနဲ့ စိုးရိမ်စိတ် လုံးဝမရှိဘူးလို့ ပြောချင်ပါတယ်။...

NCUB က လက်နက်ကိုင်တိုက်ပွဲလမ်းစဉ်မှာ ခိုင်ခိုင်မာမာရပ်ပြီးတော့ လုပ်နေတဲ့ အဖွဲ့အစည်းဖြစ်တယ် လို့ ကျနော်တို့ ပြောလို့ရပါတယ်။ ဒီလိုပါ၊ Non Violence တို့၊ လက်နက်ကိုင်တိုက်ပွဲတို့ ဆိုတာတွေက သတ်မှတ်ချက်နဲ့ ပြောနေတဲ့ကိစ္စပါ။...

ကျနော်တို့က၊ ဒီနေ့လက်နက်ကိုင်တယ်ဆိုတာ တိုင်းရင်းသားတွေက၊ သူတို့ရဲ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့ ဒီတာဝန်ကို ကျနော်တို့ယူနေကြတာဖြစ်တယ်။" ♦



ခွန်မြင့်ထွန်း (MPU)

"၂၀၀၈ ခု ဖေဖော်ဝါရီလမှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ရဲ့ညီလာခံဟာ လွှတ်တော်တရပ်အနေနဲ့သာ ကျနော်တို့ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ညီလာခံဖြစ်ပါတယ်။ အဲဒီညီလာခံကနေပြီးတော့ ခု ဒီတိုင်းရင်းသားခေါင်းဆောင်တွေနဲ့ တိုးချဲ့ဖွဲ့စည်းဖို့ဆိုတာကို ဆုံးဖြတ်ထားပြီးသားပါ။ အဲဒီတော့ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း အပါအဝင် NCGUB ကလဲ အဲဒီမှုကို လိုက်နာလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညီလာခံကနေပြီးတော့မှ ဒီ NCGUB အမျိုးသားညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညီလာခံက ဆုံးဖြတ်ချမှတ်ထားတဲ့ အဲဒီမှုကို NCGUB က လိုက်နာလုပ်ဆောင်ရမှာဖြစ်ပါတယ်။...

/အမျိုးသားညီညွတ်ရေး စင်ပြိုင်အစိုးရဖွဲ့စည်းရေးဟာ လက်ရှိစင်ပြိုင်အစိုးရကို တိုးချဲ့ပြီးမှ ဖက်ဒရယ်ပုံစံဖြစ်အောင်လုပ်မယ်ဆိုတာ/ ဟုတ်ပါတယ်။...

စစ်ရေး နိုင်ငံရေး သံတမန်ရေး အဲဒီနည်းလမ်းသုံးသွယ်စလုံးနဲ့ ကျနော်တို့ တိုက်ပွဲဝင်နိုင်တဲ့ တကယ့်ကို တိုက်နိုင်တဲ့အစိုးရ၊ အဲဒါဖြစ်အောင် ကျနော်တို့ဖွဲ့ဖို့ ဘဲဖြစ်ပါတယ်။ ဘယ်ပုံစံနဲ့ တိုးချဲ့ဖွဲ့စည်းမှာလဲဆိုရင် အခုကျနော်တို့ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်မှာ အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ ကျနော်တို့ De jure Legitimacy ရှိပါတယ်။ အဲတော့ ဒီကနေပြီးတော့မှ ကျနော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များညီလာခံဟာ လွှတ်တော်တရပ်အနေနဲ့ တာဝန်ခံပြီး၊ တာဝန်ယူပြီးတော့မှ ကျနော်တို့က ဒါကိုဖွဲ့စည်းပေးမှာဖြစ်ပါတယ်။... ဒီနေ့ မိမိနယ်မြေ မိမိအဖွဲ့အစည်းနဲ့ နှစ်ပေါင်း ၅၀ ကျော် ၆၀ ကြာတိုက်ပွဲဝင်နေတဲ့ ကျနော်တို့ တိုင်းရင်းသားအဖွဲ့အစည်းတွေဟာ မိမိတို့သက်ဆိုင်ရာနယ်မြေတွေရဲ့ တရားဝင်ဖြစ်မှုက အလိုလိုရှိပြီးသားဖြစ်ပါတယ်။ မိမိတို့ အဆက်ဆက်သော တော်လှန်ရေးကနေပြီး အသက်သွေးချွေးတွေ ရင်းနှီးပေးဆပ်ထားတဲ့ တရားဝင်ဖြစ်မှုတွေရှိပါတယ်။ ဒါ နိုင်ငံတကာဥပဒေအရလဲဘဲ ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဒါ Legitimacy ရှိတယ်ဆိုတာကို ပြောထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့က ဒီတိုးချဲ့ဖွဲ့စည်းတဲ့အခါမှာ နယ်မြေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းရှိတဲ့ တိုင်းရင်းသားတွေက ခေါင်းဆောင်တွေနဲ့ တိုးချဲ့ဖွဲ့စည်းမှာဖြစ်ပါတယ်။" ♦



ဗိုလ်ချုပ်ကြီးတာမလာဘော (NCUB ဥက္ကဋ္ဌ) (ကေအဲန်ယူဥက္ကဋ္ဌ)

"ဒီနှစ်မှာ ရှေ့လုပ်ငန်းအတွက် ကျနော်တို့ ဒီစစ်မှန်တဲ့လွှတ်တော်၊ ကျနော်တို့တိုင်းရင်းသားလူမျိုးစုတွေနဲ့ ဒီပြည်သူတွေ၊ NLD တို့နဲ့ အကုန်လုံးပေါင်းပြီးတော့ De facto Parliament တခုတည်ဆောက်သွားဖို့ အလုပ်လုပ်ရတော့မယ်။" ♦

# အမျိုးသားညွန့်ပေါင်းအစိုးရ ဆိုသည်မှာ

### ဒေါက်တာစိန်ဝင်း (NCGUB ဝန်ကြီးချုပ်)



"ဒီကြေညာချက်နဲ့ ပတ်သက်ပြီး [ဆွေးနွေးညှိနှိုင်းတာ] မရှိဘူး။ ဒါပေမဲ့လဲ အရင်ပိုင်းမှာ ဆွေးနွေးခဲ့တာတွေတော့ ရှိတယ်။ ဆွေးနွေးခဲ့တယ်ဆိုတာက တိုးချဲ့ရေးတို့ ဘာတို့ ဒီကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ သို့သော်လဲ နှစ်သစ်ကူးကြေညာချက်နဲ့ ပတ်သက်လို့တော့ ကျနော်တို့နဲ့ ဘာမှ ဆွေးနွေးထားတာ မရှိပါဘူး။...

နောက်ထပ်စင်ပြိုင်အစိုးရ ပေါ်တာ မပေါ်တာ ကျနော်တို့လဲ သေချာမသိသေးဘူး။ ဒါပေမဲ့ အဲန်စီဂျီယူဘီမှာ ကိုယ်ပိုင်မူ ရှိတယ်။ နောက်ပြီးရင် နိုင်ငံရေးအကြီးအကျယ်ပြောင်းလဲမှု မရှိသေးရင်၊ အတွင်းကနေပြီး စီအာပီပီတို့၊ အဲန်အယ်လ်ဒီတို့ရဲ့ ဦးဆောင်မှုရှိနေသရွေ့ ဒီဦးဆောင်မှုနဲ့မျှတအောင် ကျနော်တို့ လုပ်ကြရမှာဘဲ။... ကျနော်တို့က ၁၉၉၀ ရွေးကောက်ပွဲရလဒ်အပေါ်မှာ ရပ်တည်ထားတယ်။ ပြည်တွင်းမှာလဲ အဲန်အယ်လ်ဒီလဲရှိသေးတယ်။ စီအာပီပီလဲ ရှိသေးတယ်။ ၉၀ ပြည့်နှစ်ရွေးကောက်ပွဲ အနိုင်ရပါတီတွေရှိတယ်။ အဲန်အယ်လ်ဒီဆိုရင် ဒီရွေးကောက်ပွဲကို အနိုင်ရထားတဲ့ပါတီ။ ဒီအဖွဲ့အစည်းတွေ ရှိနေသရွေ့ ၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ် မပျက်ပြယ်သရွေ့ ကျနော်တို့လဲဘဲ ဆက်ပြီးသွားမှာဘဲ။... အဲဒီအခြေအနေတွေ မပြောင်းသရွေ့ ကျနော်တို့လဲ ပြောင်းမှာမဟုတ်ဘူး။ နောက်တခုက ကျနော်တို့ လုပ်ငန်းစဉ်အတိုင်း လုပ်တာဘဲ။ သူများက အစိုးရတရပ်မကလို့၊ နှစ်ရပ်မကလို့၊ သုံးရပ်ဘဲဖြစ်ပစေ၊ ကျနော်တို့က ကိုယ်လုပ်မယ့်အလုပ်ကို ချမှတ်ထားတဲ့အတိုင်း နိုင်ငံတကာ၊ ပြည်တွင်း ကျနော်တို့ လုပ်နေတာဘဲ။...

တော်လှန်ရေးတခု ရေရှည်လာပြီဆိုရင် အားမလိုအားမရ ဖြစ်ကြတာဘဲ။ ကျနော်တို့ကတော့ အစိုးရဆိုတဲ့နာမည်ခံတဲ့အတွက် အရာရာမှာ အစိုးရတာဝန်ရှိတယ် ဆိုတဲ့ယူဆချက်နဲ့၊ လူတွေက အစိုးရဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူး၊ ဒီထက်ပိုဆိုးတာက ဒီလိုဖြစ်နေတာ အစိုးရကြောင့်၊ အစိုးရညံ့လို့ဆိုပြီး ပြောကြတာပေါ့။ ဘာလို့လဲဆိုတော့ အစိုးရက ပေါ်လာတာကိုး။ ဒါပေမဲ့ ကျနော်ပြောချင်တာက အစိုးရမပေါ်ခင်ကတည်းက အဖွဲ့အစည်းတွေအများကြီးရှိတယ်၊ လုပ်နေတာတွေလဲ အများကြီးရှိတယ်၊ နိုင်ငံရေး၊ တော်လှန်ရေး။ ဒီအတိုင်းဘဲ အခုအချိန်မှာလဲ အဖွဲ့အစည်းတွေ အများကြီးရှိတယ်။ လုပ်နေတာတွေလဲ အများကြီးရှိတယ်။ ကျနော်တို့ အဖွဲ့တခုတည်း၊ အစိုးရတခုတည်းက လုပ်နေတာတော့ မဟုတ်ဘူး။ အစိုးရ တရပ်တည်းကိုဘဲ ပုံပြီးတော့ ပြောလို့တော့ မရဘူးနဲ့တူတယ်။...

အစိုးရတရပ်ကို ထောင်တယ်ဆိုတာကတော့ လွယ်ပါတယ်။ အထူးသဖြင့် ပြည်ပမှာ အစိုးရတရပ်ထောင်တယ် ဆိုတာ ကြေညာချက်ထုတ်ပြီး ထောင်လိုက်ရုံဘဲ၊ ဒါပေမဲ့ ဘယ်မူနဲ့ရပ်တည်မလဲ၊ ဘယ်ပေါ်မှာ အခြေခံမလဲ၊ ဒါတွေကို ကြည့်ရမှာပေါ့။" ♦

### ဒေါက်တာတင့်ဆွေ (NCGUB)



"အမျိုးသားညီညွတ်ရေးအစိုးရတရပ် ပေါ်ရေးဆိုတဲ့အပေါ်မှာလဲ ကျနော်တို့ အငြင်းပွားစရာတော့ မရှိပါဘူး။ သို့သော် ဒီကနေ့အထိတော့ ဒီအမျိုးသားကောင်စီက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကျနော်တို့ အမျိုးသားညွန့်ပေါင်းအစိုးရက တာဝန်ရှိပုဂ္ဂိုလ်များ ဒီအပေါ်မှာကတော့ တရားဝင်ဆွေးနွေးထားရှိခြင်းတော့ မရှိသေးဘူးလို့ ကျနော်တို့ပြောချင်ပါတယ်ခင်ဗျ။

... နှစ်ဖွဲ့ဖြစ်တယ်ဆိုတာ ဘယ်လိုအဖွဲ့ဖြစ်ဖြစ် မကောင်းပါဘူး။ စင်ပြိုင်လိုက်လုပ်တဲ့အကျင့်မျိုး ကလေးဆန်တဲ့နိုင်ငံရေးလုပ်ရပ်မျိုးဖြစ်ပါတယ်၊ ဒါပေမဲ့ တပ်ပေါင်းစုခေါင်းဆောင်များဟာ အတွေ့အကြုံရော၊ ဝါအရပါ ရင့်ကျက်သူတွေဖြစ်ကြပါတယ်။ စည်းလုံးမှုကို ထိခိုက်တာမှန်သမျှ အားလုံးကရှောင်ရမှာပါ။ ဒီထက်စည်းလုံးအောင်၊ ညီညွတ်အောင် လုပ်ကြဖို့ လူတိုင်းကပြောနေ၊ ရေးနေချိန်ပါ။ ကျနော်တို့က နမူနာမပြနိုင်ရင် ကျနော်တို့ထက်ညံ့မယ့်သူ ရှိမှာမဟုတ်တော့ပါ။ NCGUB အနေနဲ့ကတော့ စည်းလုံးညီညွတ်ရေး ထိပါးမယ်ဆိုရင် ကိုယ့်အရှိလက္ခဏာလေးတွေ ဖြစ်ပါစေ၊ Sacrifice လုပ်မှာပါ၊ မှန်တယ်ထင်တဲ့ နိုင်ငံရေးရပ်တည်ချက်ကိုတော့ စွန့်မှာမဟုတ်ပါဘူး။" ♦

### ခွန်မားကိုဘန် (NCGUB)



"ကျနော်အနေနဲ့ ပထမဦးဆုံးပြောလိုတာကတော့ ဒီNCGUB ကို တိုင်းရင်းသားအဖွဲ့အစည်းခေါင်းဆောင်များနဲ့ သင့်တော်တဲ့ပုဂ္ဂိုလ်များနဲ့ တိုးချဲ့ဖွဲ့စည်းဖို့ဆိုတာက ပြီးခဲ့တဲ့ ကျနော်တို့ ၂၀၀၇ ခု ဖေဖော်ဝါရီလ MPU ညီလာခံကတည်းက မူအားဖြင့် သဘောတူချမှတ်ထားပြီးသားဖြစ်ပါတယ်။ အဲဒါကို ကျနော်တို့ လက်တွဲအကောင်အထည်ဖော်ဖို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ အခုက NCUB ကနေပြီးတော့ NUG အစိုးရကို ဖွဲ့စည်းဖို့ဆိုပြီးတော့ နှစ်သစ်မှာ ထုတ်ပြန်ချက်နဲ့ ပတ်သက်ရင်တော့ ဒါ ကျနော်က NCUB မှာ သဘာပတိ ဒု-ဥက္ကဋ္ဌတဦးလဲဖြစ်ပါတယ်၊ NCGUB ဘက်မှာလဲ ကျနော်ပါပါတယ်။ အဲန်စီယူဘီမှာ ဒေါက် ၄ ဒေါက်နဲ့ဖွဲ့ထားတယ်။ ဒီ ပေါ်လီစီတွေချပေးတဲ့နေရာမှာဆိုရင်တော့ ဒေါက် ၄ ဒေါက် Consensus (အားလုံးသဘောညီ)ရှိမှသာ ချလို့ရပါတယ်။ ဒါပေမဲ့လို့ ဒီထုတ်ပြန်ကြေညာချက်နဲ့ ပတ်သက်ပြီးတော့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးတာ ကျနော်တို့အနေနဲ့ လုံးဝမသိရပါဘူး။ မဖြစ်သင့်မဖြစ်ထိုက်ဘူးလို့မြင်တယ်။ နောက်ပြီးတော့ တကယ်တမ်းသာ NCUB ကနေပြီးတော့ NUG တရပ်ကို သီးသန့်ဖွဲ့စည်းမယ်၊ အဲဒီက MPU အခြေမခံဘဲနဲ့ ဖွဲ့စည်းလို့လဲ မဖြစ်ဘူး၊ နောက်ပြီးတော့ MPU ကို ဒီလိုမျိုးအခြေခံပြီးတော့ ဖွဲ့စည်းမယ်ဆိုရင်လဲ MP တွေကို ခွဲသလိုဖြစ်သွားမယ်။ ဒါ လုံးဝမသင့်တော်တဲ့ဟာဖြစ်တယ်။ သူရေးထားတဲ့အသုံးအနှုန်း ပြန်ကြည့်ရင် NUG ဖြစ်တဲ့အတွက်ကြောင့် NCGUB ကို တိုးချဲ့ပြီးတော့ဖွဲ့စည်းတဲ့ဟာ မဟုတ်ဘူးဆိုတာ ဒါ ရေးထားတဲ့အပေါ်မှာ ကျနော်တို့ ရှင်းရှင်းလင်းလင်းပေါ်ပါတယ်။ ဒါပေမဲ့လို့ တကယ်တမ်းကျတော့ NUG ကို ကျနော်တို့က ဘယ်လိုမှ တကယ်လက်တွေ့ အကောင်အထည်ဖော်နိုင်မယ် မဟုတ်တဲ့အတွက်ကြောင့် NCGUB ကိုတိုးချဲ့ခြင်းကိုဘဲ လက်တွေ့ ကျနော်တို့ လုပ်ဆောင်သွားနိုင်မယ်လို့ ကျနော်အဲလိုဘဲပြောလိုပါတယ်။...

အဲဒီလိုဖွဲ့နိုင်ဖို့အတွက်က NCUB တပ်ပေါင်းစု ဒေါက် ၄ ဒေါက်မှာ အသေအချာ အကျေအလည်ညှိနှိုင်းသဘောတူညီမှုကို ရရှိမှသာ။ ဒါတင်မကဘူး၊ တိုင်းရင်းသားအင်အားစုအဖွဲ့အစည်းနဲ့လဲ အကျေအလည် ညှိနှိုင်းမှုယူရမှာရှိတယ်၊ ဒို့အပြင်မှာ ပြည်တွင်းအင်အားစုနဲ့လဲ ဘယ်လိုဘဲဖြစ်ဖြစ် နားလည်မှုရှိရှိ လုပ်ဆောင်သွားဖို့ လိုအပ်တယ်။ နောက်ပြီးတော့ ကျနော်တို့ ဒီမိုကရေစီကိုအားပေးနေတဲ့ နိုင်ငံတချို့ကိုလဲ ကျနော်တို့ ဘာဖြစ်လို့ ဒီလိုဖွဲ့ရလဲဆိုတဲ့ဟာ နားလည်မှုရှိရှိနဲ့ ဆက်စပ်ဖို့ လိုအပ်တယ်လို့ ကျနော်အဲလိုဘဲ ပြောလိုပါတယ်။"

### ကိုဘိုကြည် (AAPP)

"အစိုးရအဖွဲ့ ဖွဲ့တယ်ဆိုတာက စာရွက်ပေါ်တင်ဖွဲ့လို့ရတဲ့ ကိစ္စမဟုတ်ဘူး။ ကျနော်တို့တွေမှာ တကယ့်လွတ်မြောက်နယ်မြေအကျယ်ကြီး ရှိဖို့လိုတယ်၊ နောက် တိုင်းရင်းသားပေါင်းစုံတပ်ကြီးက တကယ့်စုစည်းညီညွတ်တဲ့တပ်ကြီး ဖြစ်နေဖို့လိုတယ်။ အဲလိုအခြေအနေတွေ ပေါင်းဆုံပြီးတဲ့အခါ ကျတော့မှ အစိုးရဘဲဖြစ်ဖြစ်၊ နိုင်ငံဘဲဖြစ်ဖြစ် ကျနော်တို့ ကြေညာလို့ရတယ်။ ဆိုတော့ ကျနော်တို့ဆီမှာက တကယ်တမ်းကျတော့ လွတ်မြောက်နယ်မြေဆိုတာကလဲ အကျယ်

(စာမျက်နှာ ၆ သို့)

(မျက်နှာဖုံး ညီလာခံ မှ)

လက်ရှိအစိုးရအဖွဲ့ကို ဆန့်ကျင်သည့်ဘက်မှ မဲဆောက်တွင် မဲဝယ်သည့်သတင်းများ၊ ခြေပုန်းခုတ်မှုသတင်းများ ကောလဟာလ ထွက်ခဲ့သေးသည်။

**မဟာဗျူဟာဆွေးနွေး**

အမျိုးသားညွန့်ပေါင်းအစိုးရနှင့် နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်းကိုယ်စားလှယ်များတို့၏ မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲကိုလည်း အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့အနီး မာလာဟိုက်တွင် ဇန်နဝါရီ (၂၄) ရက်မှ (၂၇)ရက်အထိ (၃)ရက်ကြာကျင်းပခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ စီးပွားရေး၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီစသည့် အကျပ်အတည်းများ ဝိုင်းဝန်းဖြေရှင်းရေးကို ဆွေးနွေးခဲ့ကြပြီး "တစုတစည်းသောခေါင်းဆောင်မှုတရပ်နှင့် တူညီသောဘုံရည်မှန်းချက်ကို ဖော်ဆောင်ရန် ဘက်ပေါင်းစုံပေါင်းစည်းထားသည့် လုပ်ငန်းစဉ်တရပ် ဝိုင်းဝန်းအကောင်အထည်ဖော်မည်" ဟူ၍ ပါရှိသည့် "ညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ ပြည်သူ့လွတ်လပ်ခွင့်များ၊ (မာလာဟိုက်)ကြေညာချက်" ကို ၂၆-၁-၀၉ နေ့တွင် စုပေါင်းထုတ်ပြန်ခဲ့သည်။

ယင်းစည်းဝေးပွဲသို့ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ MPU၊ သာသနာ့ဥသျှောင် IBMO၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-လွတ်မြောက်နယ်မြေ NLD-LA၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF၊ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု FDB၊ တိုင်းရင်းသားလူမျိုးများကောင်စီ ENC၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် WLB၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် SYCB၊ ကနေဒါနိုင်ငံမြန်မာ့မိတ်ဆွေများအဖွဲ့ CFOB၊ မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ် FBF စသည့် တပ်ပေါင်းစုများ၊ အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။ သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ကမူ တက်ရောက်ရန်ငြင်းဆန်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့

**အစိုးရအဖွဲ့ဝင်များ**

| | |
|---|---|
| ဝန်ကြီးချုပ် | ဒေါက်တာစိန်ဝင်း (ပေါက်ခေါင်း၊ အမျိုးသားဒီမိုကရေစီပါတီ) |
| နိုင်ငံခြားရေး | ဦးဘိုလှတင့် (မိုးကုတ်-၂၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| ပြန်ကြားရေး | ဒေါက်တာတင့်ဆွေ (ပုလဲ-၂၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| ဖက်ဒရယ်ရေးရာ | ခွန်းမားရ်ကိုဘန် (ဖယ်ခုံ၊ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့) |
| အလုပ်သမားရေး | ခွန်မြင့်ထွန်း (သထုံ-၁၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| ပညာရေး | ဦးထွန်းဝင်း (မင်းပြား-၂၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) |
| ဝန်ကြီးချုပ်ရုံး | ဦးဝင်းလှိုင် (တပ်ကုန်း-၂၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |



အချို့ကမူ မအားလပ်၍လည်းကောင်း၊ ခရီးသွားလာရေးခက်ခဲ၍လည်းကောင်း၊ အခြားအခြေအနေမပေး၍လည်းကောင်း မတက်ရောက်နိုင်ခဲ့။

ယင်းမဟာဗျူဟာအစည်းအဝေးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပြည်တွင်းအင်အားစုများကဖြစ်စေချင်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ နအဖ၏ ၂၀၀၈ အခြေခံဥပဒေ ပြန်လည်သုံးသပ်နိုင်ရေး၊ ပြည်သူ့လွှတ်တော်ခေါ်ယူရေး၊ တွေ့ဆုံဆွေးနွေးရေး စသည်တို့ ဖြစ်မြောက်ရန် ပြည်ပရောက်အင်အားစုများက မည်သို့ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်တို့ကို လေးလေးနက်နက် စဉ်းစားပြင်ဆင်ခဲ့ကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြန်လည်သုံးသပ်မှုကော်မတီ ပေါ်ပေါက်ရေးအတွက် ကုလသမဂ္ဂကိုယ်စားလှယ် ဂမ်ဘာရီထံ စာရေးတောင်းဆိုဖို့လည်း ပြင်ဆင်ခဲ့သည်။

ဦးဘိုလှတင့် (NCGUB)။ ။ *အဲဒီအခြေခံပေါ်မှာ နိုင်ငံတကာက တိုက်တွန်းတောင်းဆိုထားတဲ့၊ တကယ့်ပါဝင်သင့် ပါဝင်ထိုက်သူတွေ အားလုံးပါဝင်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တရပ် ပေါ်လာရေးတွေကို တိတိကျကျတိုက်တွန်းဆောင်ရွက်ခဲ့ဖို့ သဘောထားတွေ ရယူခဲ့ဖို့ဆိုတာတွေကတော့ အဓိကပါဝင်မှာဖြစ်ပါတယ်။*

ဒေါက်တာနိုင်အောင် (FDB)။ ။ *ကျနော်တို့အားလုံးထဲမှာ ခိုင်ခိုင်မာမာသဘောတူညီတာက လမ်းပြမြေပုံကို လက်မခံဘူး၊ ၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ၊ ၉၀ ရွေးကောက်ပွဲရလဒ်ကို တစုံတရာအသိအမှတ်မပြုဘဲနဲ့ အတင်းလုပ်ဆောင်နေတဲ့ကိစ္စတွေကို ကျနော်တို့လက်မခံဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံကိုလဲ လက်မခံဘူး၊ ၂၀၁၀ ရွေးကောက်ပွဲကိုလဲ တွေ့ဆုံဆွေးနွေးအဖြေရှာမှုမရှိရင် ကျနော်တို့လက်မခံဘူးဆိုတဲ့ သဘောထားကတော့ ကျနော်တို့ တညီတညွတ်တည်းဖြစ်နေပါပြီ။* ♦

---

(စင်ပြိုင်သံသရာ မှ)

*ကြီးရှိတာမဟုတ်ဘူး၊ နောက်ပြီးတော့ လက်နက်ကိုင်အင်အားစုရဲ့ တပ်တွေဆိုတာကလဲ သိတ် အားအကောင်းကြီး ရှိနေတာမျိုးလဲ မဟုတ်ဘူးဆိုတော့လေ၊ အဲဒီတော့ ဒီလိုအခြေအနေမျိုးမှာ စာရွက်ပေါ်မှာဘဲ ဖွဲ့တယ်ဆိုတဲ့ ပုံစံမျိုးတွေဖြစ်သွားရင် မကောင်းဘူး၊ ဘယ်သူ့အတွက်မှလဲ အကျိုးရှိမှာမဟုတ်ဘူး။*

ဒေါက်တာနိုင်အောင် (FDB)။ ။ *ဒီခေါင်းဆောင်မှုတရပ်ကိုဖော်ချင်တယ် ဆိုတဲ့ကိစ္စက အစိုးရဖွဲ့စရာမလိုဘူးလို့ထင်တာဘဲ။ Legitimacy ကိစ္စကိုပြောမယ်ဆိုရင်လဲ ၉၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ လုပ်ဆောင်နေတဲ့ NCGUB ဆိုတဲ့ကိုယ်စားပြုမှု၊ နောက်ပြီးတော့ အထဲမှာ NLD, CRPP ဆိုတဲ့ကိုယ်စားပြုမှုတွေ ရှိနေတာဘဲလေ။ ဆိုတော့ ကျနော်တို့က ရှိနေပြီးသား Legitimacy ကို အခြေခံပြီးတော့မှ နအဖရဲ့ တရားမဝင်မှုကို တုန့်ပြန်နေတဲ့အင်အားစုတွေ ရှိနေပါလျက်နဲ့ ဘာဖြစ်လို့ထပ်ပြီးတော့ ဒီလိုလုပ်ဖို့လိုမလဲ။ သေချာစဉ်းစားဆုံးဖြတ်ပြီးတော့မှ လုပ်သင့်တယ်လို့ ထင်ပါတယ်၊ ဒါက Legitimacyပိုင်းကို လိုက်မယ်ဆိုရင်ပေါ့။*

မိုးသီးဇွန် (၈၈ ကျောင်းသား)။ ။ *ဖယ်ဒရယ်အစိုးရဘဲခေါ်ခေါ်၊ အမျိုးသားညွန့်ပေါင်းအစိုးရဘဲခေါ် အားလုံးကိုပါဝင်ဖွဲ့စည်းနိုင်ဖို့လိုတယ်။... လောလောဆယ်မှာ ဒေါက်တာစိန်ဝင်းခေါင်းဆောင်တဲ့ အမျိုးသားညွန့်ပေါင်းအစိုးရတရပ် ရှိပြီးသားဖြစ်နေပါတယ်။ ပြည်ပမှာ အစိုးရနှစ်ဖွဲ့ မဖြစ်သင့်ပါ။ သူ့နဲ့ အကြေအလည်နားလည်မှုယူဖို့လိုတယ်။ ရှင်းရှင်းလင်း (Transparency) ရှိစေချင်ပါတယ်။ အစိုးရအဖွဲ့မှာ လုပ်ငန်းစဉ်တိတိကျကျရှိဖို့နဲ့ ယုံကြည်ချက်ရှိဖို့လိုတယ်။ တရားဝင်မှုကို ဘယ်လိုရယူမလဲ၊ ကိုယ်ပိုင်နယ်မြေတခုရအောင် ဘယ်လိုလုပ်မလဲ၊ ပြည်ထောင်စုတပ်ကို ဘယ်လိုဖွဲ့စည်းမလဲ၊ လူထုတိုက်ပွဲ၊ လက်နက်ကိုင်တိုက်ပွဲနဲ့ သံတမန်ရေးတိုက်ပွဲကို ဘယ်လိုပေါင်းစပ်မလဲ။ လွှတ်တော်ကိုယ်စားလှယ်နဲ့ဘဲ အစိုးရဖွဲ့လို့ရတယ် ဆိုတာမဟုတ်ပါဘူး။ အမေရိကန်အစိုးရအဖွဲ့မှာ သမတနဲ့ဒုသမတဘဲ ပြည်သူလူထုကရွေးကောက်ပွဲနဲ့ တက်လာတဲ့သူတွေ၊ ကျန်တဲ့သူတွေက သမတက ဆွဲခန့်တွေ ဖြစ်ပါတယ်။ အစိုးရအဖွဲ့ကို သမတကဘဲ တာဝန်ခံတယ်။ ပရောဂျက် တင်ကောင်းအောင် ဖွဲ့တဲ့အစိုးရမျိုးမဖြစ်သင့်ပါ။ အယောင်ဆောင်လုပ်စားအစိုးရကို လုံးဝအလိုမရှိပါ။ အစိုးရအဖွဲ့သက်တမ်း၊ ဝန်ကြီးတာဝန်တွေ၊ သက်တမ်းများကို တိတိကျကျသတ်မှတ်မှ ကျနော်တို့ထောက်ခံနိုင်ကြောင်း တိတိလင်းလင်းပြောထားလိုပါတယ်။* ♦

# QUOTATIONS “ ” ညွှန်းဆိုကိုးကားသူတို့စကား

*“ရွာထဲမှာ အိမ်ကြီးကြီးတွေရှိသလို၊ အိမ်လတ်လတ်၊ ငယ်ငယ်ကလေးတွေလဲ ရှိကြမယ်။ သူ့ခြံဝင်းတွေနဲ့သူ နေကြမယ်။ ကြီးတဲ့ခြံဝင်းလဲရှိမယ်။ ငယ်တဲ့ခြံဝင်းလဲရှိမယ်။ ဒါပေမဲ့ ဘယ်လိုဘဲဖြစ်ဖြစ်၊ ကြီးတဲ့ခြံဝင်းမှာနေတဲ့သူလဲ ကြီးတဲ့အလျှောက်၊ ငယ်တဲ့ခြံဝင်းမှာနေတဲ့သူလဲ ငယ်တဲ့အလျှောက်၊ သူ့အတိုင်းအတာကလေးနဲ့သူ၊ သူ့ဝင်း သူ့ခြံကလေးထဲမှာ လွတ်လွတ်လပ်လပ်နဲ့ သီးပင်စားပင်ကလေးတွေ စိုက်မလား၊ စိုက်ခွင့်ရှိမယ်။ ဝက်ကလေး၊ ကြက်ကလေးမွေးမလား။ မွေးခွင့်ရှိမယ်၊ သူ့အိမ်တွင်းအလိုက် သင့်တင့်လျှောက်ပတ်တဲ့လုပ်ငန်းကလေးတွေ လုပ်မလား၊ လုပ်ခွင့်ရှိမယ်။ တအိမ်နဲ့တအိမ်၊ တခြံနဲ့တခြံ အပြန်အလှန်လေးစားပြီး ငြိမ်းချမ်းညီညွတ်စွာ ဒီရွာကလေးထဲမှာ အတူတကွ စုပေါင်းနေကြမယ်။ အဲဒါဟာ ဖက်ဒရယ်ပြည်ထောင်စုပါဘဲ။”* ကျောက်ဇန်းယောင်ဝေ (မြန်မာနိုင်ငံ ပထမဆုံးသမတ စဝ်ရွှေသိုက်၏သားကြီး)

*“ဗမာနိုင်ငံနဲ့ပတ်သက်လို့ကတော့ [အမေရိကန်သမတသစ်အိုဘားမားအပေါ်] သိတ်မမျှော်လင့်ပါဘူး။ အမေရိကန်ကတော့ ထုံးစံအတိုင်း အာဏာရှင်စနစ်အောက်မှာရှိတဲ့ တိုင်းပြည်တွေကို စိတ်ဓာတ်ရေးရာအရ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ လုပ်ထုံးလုပ်နည်းတွေအရ ဆက်လက်ပြီးတော့အားပေးနေမယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါပေမဲ့ ပိုပြီးတော့ အပြောင်းအလဲတခုဖြစ်အောင် ထူးထူးခြားခြား လုပ်နိုင်လိမ့်မယ်လို့တော့ မမျှော်လင့်ပါဘူး။ အဓိကကတော့ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲ ဆိုတာဟာ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေနဲ့ ပြည်သူတွေရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေအပေါ်မှာဘဲ တည်ပါတယ်။”*

ဦးအေးသာအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး)

*“[ဂမ်ဘာရီလာပြီး] ဘာမှအကြောင်းမထူးဘဲနဲ့ ဘာမှအကြောင်းအရေးကိစ္စမရှိဘဲနဲ့ ဒီမှာ ဟို တောပြောတောင်ပြော၊ အစိုးရခိုင်းတာဘဲ ရောက်သွား၊ အစိုးရခိုင်းတဲ့နေရာလေးဘဲ ရောက်သွား၊ အစိုးရတွေ့စေချင်တဲ့ လူနဲ့ဘဲတွေ့ ဆိုရင်တော့ ကျနော် ဟိုတုန်းကပြောခဲ့တဲ့အတိုင်းဘဲ ကျနော်ကကြိုဆိုသော်လဲ လက်မကမ်းဘူးဗျာ။... အကြံပေးချက်တွေ ကြားချင်တယ် နာချင်တယ်[ဆိုရင်] သို့မဟုတ်ရင်လဲ ကြားဝင်ညှိနှိုင်းတာ[ဆိုရင်] ကျနော်တို့က လိုလိုလားလားအားပေးချင်တယ်၊ ကူညီချင်တယ်။ သို့သော် အဲ့ဒါ မဟုတ်ဘဲနဲ့ ရွေးကောက်ပွဲစကား လာပြောရင်တော့ ကျနော်တို့က နားပိတ်ထားရမှာဘဲ။”* ဦးဝင်းတင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်)

*“ချဉ်ပတ်အိုးထဲကျသွားတဲ့ ဘယ်ဟင်းရွက်မဆို ချဉ်သွားသလို ဒီစနစ်ထဲကိုရောက်သွားခဲ့ရင် ဘယ်သူမဆို စနစ်ရဲ့ အစိတ်အပိုင်းအဖြစ်နဲ့ အလုပ်အကျွေးပြုခဲ့ရတာချည်းပါဘဲ။ ဆိုရှယ်လစ်ဆိုင်းဘုတ်တပ်ထားတဲ့ စစ်အာဏာရှင်စနစ်ထဲ မျှောလိုက်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ရင်း တိုင်းပြည်ကောင်းအောင် ကြိုးစားသွားမယ်ဆိုတဲ့ နိုင်ငံရေး ခေါင်းဆောင်ဆရာကြီးတွေဟာ လက်တွေ့မှာတော့ စနစ်ဆိုးကိုပံ့ပိုးကူညီရတဲ့ အခန်းကဏ္ဍ အသုံးတော်ခံသွားခဲ့ရပါတယ်။ ချဉ်ပတ်အိုးထဲဆင်းရင်း ချဉ်ပတ်ဘဝကို ပြောင်းသွားရသူချည်း ဖြစ်ပါတယ်။”*

ဦးအောင်ထူး (မြန်မာနိုင်ငံရှေ့နေများကောင်စီ)

*“[ဗွီဒီယို]ဇာတ်ကားထဲက အင်္ဂလိပ်တွေ လာအနိုင်ကျင့်တာ ခုမှတကယ်ပါလားဟာ လို့။ ငါတို့ဇာတ်ကားထဲကြည့်တော့ နိုင်ငံခြားသားတွေဘဲ မြင်တာ၊ ခုကျတော့ ကိုယ့်ဗမာအချင်းချင်း ဇာတ်ကားထဲကပုလိပ်တွေ ဟုတုတွေ ဝင်လာသလိုဘဲ၊ ကျနော်တို့မှာ ဇာတ်ကားကြည့်နေရသလိုဘဲ၊ တအားစိတ်ဆင်းရဲစရာကောင်းတာ။ မယုံလို့ရှိရင် မြို့င်မြို့နယ် နှောပင်ရေနံမှော်ကို လာကြည့်လှည့်ပါလို့၊ ဘယ်လိုခံနေရတယ်ဆိုတာ။ ဗိုလ်ချုပ်မှူးကြီးတို့ အရှိန်အဝါတွေနဲ့ ဘယ်လောက်အနိုင်ကျင့်နေ တယ်ဆိုတာပေါ့။”* ရေနံတွင်းပိုင်တဦး (မကွေးတိုင်း မြိုင် နှောပင်ရေနံမြေတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသား ရေနံကုမ္ပဏီမှ အနိုင်ကျင့်ဖိနှိပ်နေပုံ)

*“မင်းတို့ကို နှိပ်စက်တာ မီဒီယာတွေအတွက် ရိုးနေပြီ။ သတင်းမဟုတ်တော့ဘူး။ မီဒီယာတွေက မဖော်ပြတော့ဘူး၊ အရေးလုပ်ပြီး အသံမလွှင့်တော့ဘူး။ အဲဒါတွေကို အားကိုးမနေနဲ့။ ငါတို့နှိပ်စက်ချင်သလို နှိပ်စက်လို့ရတယ်။”* ဗိုလ်မှူးချုပ်ကောင်းမြတ် (နအဖတပ် စကခ–၅ စကခမှူးမှ တောင်ငူခရိုင် လူထုကိုကြိမ်းဝါးပုံ)

---

(မျက်နှာဖုံးသတင်း အဖွဲ့ချုပ် မှ )

ကျနေစဉ်ကာလ ၁၉၉၃ မှာ ဆုံတွေ့ခဲ့သော အမေရိကန်ကွန်ဂရက်အမတ် ဘီလ်ရစ်ချတ်ဆန်အပါအဝင် ပုဂ္ဂိုလ်များကို ပြောခဲ့ပြီးသားဖြစ်သည်ဟုလည်း ဦးဝင်းတင်က ပြောသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ခံယူချက်သဘောထားကိုလည်း ဦးဝင်းတင်က ယခုလိုရှင်းပြသည်။

*“ကျနော်တို့ ရွေးကောက်ပွဲကို ငြင်းဆန်နေတာမဟုတ်ဘူး။ ကျနော်တို့ပြောနေတာက စစ်အခြေခံဥပဒေမျိုး - တိုင်းပြည်ကိုစစ်ကျွန်ဇာတ်သွင်းမယ့် အခြေခံဥပဒေမျိုးကပေါက်ပွားလာမယ့် ရွေးကောက်ပွဲမျိုးကိုတော့ ကျနော်တို့မဝင်နိုင်ဘူး၊ ဒါကို ကျနော်တို့ပြောနေတာ။ သိမ်းကျုံးပြီးတော့ ရွေးကောက်ပွဲမှန်သမျှ ဆန့်ကျင်ကြဆိုတဲ့ဟာမျိုး ကြွေးကြော်နေတာမဟုတ်ဘူး။...*

*“ကျနော်တို့က နိုင်ငံရေးလုပ်တဲ့အခါကြတော့ တယူသန်ဖို့၊ ခေါင်းမာဖို့ဆိုတာ မဟုတ်ပါဘူး။ သို့သော် ကျနော်တို့ဆုပ်ကိုင်ထားတဲ့ အခြေခံမူဝါဒတွေ၊ အခြေခံသဘောတရားတွေကိုတော့ စွန့်လွှတ်ပြီး၊ ပစ်ပယ်ပြီး သူများခိုင်းတိုင်း၊ သူများခေါ်တိုင်း မသွားနိုင်ပါဘူး။... ရှေ့အလားအလာ... မေးမှိန်မှာကြောက်တာ တခုတည်းနဲ့တော့... သူတို့ခြေသလုံးဖက်လို့တော့ မရတော့ဘူး။ ဒီလမ်းကိုလျှောက်ဆိုပြီးတော့ ကျနော်တို့ကို နဖားကြိုးတပ် ဆွဲခေါ်တိုင်းလဲ ကျနော်တို့ မလိုက်နိုင်တော့ဘူး။ ဒါ ဦးကြည်မောင်စကားနဲ့ ပြောရရင်တော့ မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူးလို့ဘဲပြောပြောပေါ့ဗျာ။ ဒါမှမဟုတ် ကျနော် စကားအသစ်နဲ့ပြောရရင်တော့ ကျနော်တို့သည် နဖားကြိုးဆွဲခေါ်တိုင်း မလိုက်နိုင်ဘူးလို့ဘဲ ပြောရမှာဘဲခင်ဗျ။”*

နအဖအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်လျှင် ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ခဲယဉ်းကြောင်း ဇန်နဝါရီ (၁)ရက်မှ (၁၇)ရက်အထိ ကျင်းပခဲ့သော မွန်ပြည်သစ်ပါတီညီလာခံက ဆုံးဖြတ်ခဲ့သည်။ ယင်းသဘောထားကို ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ကလည်း ထောက်ခံလိုက်သည်။

ဇန်နဝါရီ (၁၉)ရက်တွင် ကချင်ငြိမ်းချမ်းရေးအဖွဲ့ ကေအိုင်အိုကလည်း ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတရပ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံကျော်စာရေးဆရာကြီး ဒဂုန်တာရာက ကြားရွေးကောက်ပွဲလုပ်ကာ လစ်လပ်ကိုယ်စားလှယ်နေရာများ ဖြည့်ဆီးပြီးနောက် ၎င်းကိုယ်စားလှယ်သစ်များနှင့် ၉၀ ရွေးကောက်ပွဲနိုင် ကိုယ်စားလှယ်ဟောင်းများပေါင်း၍ လွှတ်တော်ခေါ်ရန် ဇန်နဝါရီ (၁)ရက်ထုတ် ရန်ကုန်တိုင်းမ် ဂျာနယ် အင်တာဗျူး၌ ထပ်မံအဆိုပြုခဲ့သည်။ ♦

## မုဒိမ်းလိုင်စင်

♀ ဇန်နဝါရီ (၇) ရက်နှင့် (၉)ရက်များတွင် မကွေးတိုင်း ရေနံချောင်းမြို့နယ် ဖိုကုန်းအုပ်စု နှောကန်ကျေးရွာ ကြံ့ဖွံ့စည်းရုံးရေးမှူး မူလတန်းကျောင်းအုပ် (၅၉ နှစ်)သည် ၁၂ နှစ်-၁၃ နှစ်အရွယ် လေးတန်းကျောင်းသူနှစ်ဦးကို လိင်ပိုင်းဆိုင်ရာ မတော်မလျော်စော်ကားခဲ့သည်။

♀ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားပွဲအတွင်း ဇန်နဝါရီ (၂၀)ရက်ညက နအဖ စစ်သားစုဆောင်းရေးတပ် ၄၃၅ မှ တပ်ကြပ်ကြီးသန်းကြိုင်နှင့် အခြားစစ်သားနှစ်ဦးက အသက် (၁၆)နှစ်အရွယ် မိန်းကလေးတဦးကို ရထားသံလမ်းအနီး အဓမ္မပြုကျင့်ခဲ့သည်။ ♦

- ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် အဲန်အယ်လ်ဒီနှင့် မဟာမိတ်ပါတီ (၇)ဖွဲ့တို့က ဇန်နဝါရီ (၁)ရက်နေ့တွင် နအဖစစ်ကောင်စီသို့ အထူးကြေညာချက်ပေးပို့ တောင်းဆိုလိုက်သည်။ ဤကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ၊ ဇိုမီးအမျိုးသားကွန်ဂရက်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်တို့က ပူးတွဲလက်မှတ်ရေးထိုးထားသည်။
- အပစ်အခတ်ရပ်စဲထားသည့် ဝ ငြိမ်းချမ်းရေးအဖွဲ့က နအဖထံခွင့်ပြုချက်မတောင်းဘဲ မိမိတို့ကိုယ်မိမိ ဝပြည်နယ်အစိုးရ အထူးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဟု ဇန်နဝါရီ (၁)ရက်မှစ၍ စတင်ခေါ်ဝေါ်သုံးစွဲလိုက်သည်။
- ဒူးပလာယာခရိုင် ကလော့ထော ကျေးရွာအနီးတွင် ကေအဲန်ယူ တပ်မဟာ ၆ လက်အောက်ခံ တပ်မဟာလုံခြုံရေး အထူးပြောက်ကြားတပ်ဖွဲ့များနှင့် ဒီကေဘီအေ ၉၉၉၊ ၉၀၇ တပ်ဖွဲ့များအကြား ဇန်နဝါရီ (၂)ရက်နှင့် (၃)ရက်များ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ဒီကေဘီအေ (၄)ဦးခန့် ဒဏ်ရာရရှိသွားသည်။ ဒီကေဘီအေတပ်များက ကေအဲန်ယူတပ်ရင်း ၁၀၃ စခန်းကို လာရောက်တိုက်ခိုက်ခဲ့သော်လည်း ရှုံးနိမ့် ဆုတ်ပြန်သွားရသည်။
- ဇန်နဝါရီ (၃)ရက်က နအဖ ခမရ ၅၇၅ မှ တပ်သားချမ်းမြေ့အောင်သည် ကရင်နီပြည် သံလွင်အရှေ့ခြမ်း ကောက်ကောက်ဂွင် ဟွေပူအနီး မိုင်းနင်းမိသဖြင့် ဘယ်ဒူးအောက်စပြတ်သွားသည်။
- ဇန်နဝါရီ (၃)ရက်က ကရင်နီပြည် မော်ချီးနယ် ကွာခီးရွာအဝင်၌ နအဖတပ် ခလရ ၁၃၅ နှင့် ကရင်နီတပ်တိုက်ပွဲဖြစ်ပွားရာ ရန်သူတပ်ကြပ်ကြီး စောအယ်ဘားဦးနှင့် ဒု-တပ်ကြပ် ငွေအောင် ဒါဏ်ရာရသွားသည်။
- ဇန်နဝါရီ (၃)ရက်ညနေက ကရင်နီပြည် ကောက်ကောက်စခန်းအနီး နအဖ ခမရ ၄၂၉ မှ ဗိုလ်အောင်ဇော် ဦးစီးတပ်ဖွဲ့နှင့် ကရင်နီတပ်ဖွဲ့ တိုက်ပွဲဖြစ်ပွားရာ ရန်သူတပ်ကြပ် အောင်အေးထွန်း ဒဏ်ရာရရှိသွားသည်။
- ဇန်နဝါရီလ (၄)ရက်မနက်က နအဖ ခလရ ၁၃၅ တပ်ဖွဲ့နှင့် ကရင်နီတပ်ဖွဲ့ မော်ချီးနယ်မြေ ကွားခီးအနီး တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူတပ်သား ကိုရဲ ကျဆုံးသွားသည်။
- ဇန်နဝါရီလ (၄)ရက် ညနေက နအဖ ခမရ ၅၇၄ တပ်ဖွဲ့နှင့် ကရင်နီတပ်ဖွဲ့တို့ ကရင်နီပြည် သံလွင်အရှေ့ ဟွေပူးအနီး၌ တိုက်ပွဲဖြစ်ပွားရာ ရန်သူတပ်ကြပ်ကြီး မောင်ကူး မိုင်းနင်းမိသဖြင့် ဒဏ်ရာရသွားသည်။
- ဇန်နဝါရီလ (၄)ရက် လွတ်လပ်ရေးနေ့ မနက်က မြစ်ငယ်မြို့ပေါ် အစိုးရရုံးများနှင့် မြို့လယ်ဈေးတဝိုက် လမ်းဘေးသစ်ပင်များ၊ ဓာတ်တိုင်များပေါ် ပိုစတာများကပ်ပြီး စစ်အစိုးရဆန့်ကျင်ရေး လက်ကမ်းကြော်ငြာလေးများ လမ်းမပေါ် ကြဲဖြန့်ခဲ့ကြသည်။
- ဇန်နဝါရီ (၄)ရက် လွတ်လပ်ရေးနေ့က တွံတေးမြို့မှ ကျူရှင်ဆရာ ဦးအောင်ဖေသည် မိမိလက်နှစ်ဖက်ကို ကြိုးချည်ပြီး တွံတေးမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့ တကိုယ်တော်အလေးပြုရာ အထူးရဲတပ်ဖွဲ့က ဖမ်းဆီးသွားသည်။
- ဇန်နဝါရီ (၅)ရက်မနက်က ရခိုင်ပြည် စစ်တွေတက္ကသိုလ် ကျောင်းသား (၅၀၀)ခန့် ကျောင်းကြိုကားကိစ္စ မကျေနပ်၍ လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။
- တရုတ်-မြန်မာနယ်စပ် ဝဒေသ မန်မန်းဆိုင်ရှိ နအဖတပ် ခမရ ၃၂၆ တပ်ခွဲ ၂ ခွဲဆီသို့ တန့်ယန်းမှပေးပို့သည့် လက်နက်ခဲယမ်းများကို ဇန်နဝါရီ ပထမပတ်ထဲတွင် လွယ်ပန်လုံနှင့် မန်မန်းဆိုင်ကြားရှိ ဝ ငြိမ်းချမ်းရေးအဖွဲ့ နယ်ခြားစောင့်ဂိတ်က သိမ်းယူခဲ့သည်။ နှစ်ရက်အကြာတွင်လည်း ကွန်လုံဗျူဟာမှပို့လာသည့် ဘီအေ-၁၀၃ လောင်ချာကျည်များကို ဝ နယ်အဝင် နန်တဘက်နယ် နန်တ-နန်တင်းဂိတ်က သိမ်းလိုက်သည်။
- ဗြိတိန်အခြေစိုက် အာအွန် Aon အာမခံကုမ္ပဏီသည် မြန်မာစစ်အစိုးရပိုင်ကုမ္ပဏီတခုနှင့် လာဘ်ပေးလာဘ်ယူ ဆက်ဆံခဲ့သဖြင့် စီးပွားရေးဆိုင်ရာပြစ်မှုကျူးလွန်မှုအဖြစ် ဇန်နဝါရီပထမပတ်အတွင်း၌ ပေါင်ငါးသန်းကျော် ဒဏ်ငွေဆောင်ရသည်။
- မကွေးတိုင်း မြိုင်မြို့နယ် နှောပင်ရေနံမှော်တွင် ဒေသခံများတပိုင်တနိုင်ရေနံတူးဖော်ထုတ်လုပ်နေခဲ့ကြရာမှ အာဏာပိုင်တို့ထံမှ တူးဖော်ခွင့်လေလံရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသားပိုင် ကောင်းဇော်ဟိန်းကုမ္ပဏီ ရောက်ရှိလာပြီးနောက် လုပ်ငန်းများလက်ဝါးကြီးအုပ်ချုပ်ကိုင် သွေးစုတ်ဗိုလ်ကျမှုကြောင့် ဇန်နဝါရီ (၈)ရက်ည၌ ရေနံလုပ်ငန်းရှင်များနှင့် လုပ်သားများ (၂၀၀)ခန့်က ရပိုင်ခွင့်အရေးဆိုခဲ့ရာ လူအင်အား (၁၀၀၀)ခန့်ဖြစ်လာ၍ နအဖတပ် ခလရ ၂၅၇ က သေနတ်နှင့် ပစ်ခတ်နှိမ်နင်းခဲ့သည်။ စစ်တပ်၏ပစ်ခတ်မှုကြောင့် ဒေသခံရွာသူ မဝင်းမာ ကျည်သင့်ဒဏ်ရာရခဲ့သည်။ ရေနံတိုင်ကီများလည်းကျည်သင့်ပြီး မီးလောင်ကျွမ်းရာ ကုမ္ပဏီပိုင်ကားနှစ်စီး၊ ဆီတိုင်ကီအလုံး (၁၀၀)ခန့်နှင့် ငွေသား သိန်း ၇၀၀ ခန့် မီးလောင်ပျက်စီးသွားခဲ့သည်။ စစ်တပ်၊ ရဲနှင့် မီးသတ်တပ်ဖွဲ့တို့၏ အကြမ်းဖက်ရိုက်နှက်မှုကြောင့် ဆန္ဒပြသူအများအပြား ဒဏ်ရာရခဲ့ပြီး နောက်ရက်များတွင် လူအများအပြားအဖမ်းခံရသည်။

## မီးတောက်မီးလျှံများ

- ဇန်နဝါရီ (၁၀)ရက် ကချင်ပြည်နယ်နေ့က ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ရေး၊ စစ်အစိုးရဆန့်ကျင်ရေး ပိုစတာတိုက်ပွဲတခုကို ကချင်ကျောင်းသားအဖွဲ့တဖွဲ့က ပြုလုပ်ခဲ့သည်။ လက်ကမ်းစာစောင်များကိုလည်း မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးညှင်း၊ တနိုင်း စသည့်မြို့များ၌ မနောပွဲခင်း၊ ဈေးဆိုင်များ၊ ပွဲခင်းမုခ်ဝနှင့် လူထုလက်ထဲ လိုက်ဖြန့်ခဲ့သည်။
- သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရသည် ဇန်နဝါရီ (၁၃)ရက်မှစ၍ မန္တလေး အိုးဘိုထောင်၌ အစာငတ်ခံဆန္ဒပြခဲ့သည်။
- ဇန်နဝါရီ (၁၃)ရက်က စင်ကာပူနိုင်ငံသား (၂)ဦးသည် စင်ကာပူအလုပ်သမားဝန်ကြီးဌာနရုံးရှေ့တွင် မြန်မာ့အရေး ထောက်ခံအားပေးသည့်အနေဖြင့် ဆန္ဒပြခဲ့သည်။ စင်ကာပူတွင် ၂၀၀၇ နိုဝင်ဘာ၌ပြုလုပ်သည့် အာဆီယံအစည်းအဝေး တက်ရောက်လာသော နအဖခေါင်းဆောင်များကို ဆန္ဒပြခဲ့သူ ကိုမိုးကျော်သူနှင့် ကိုဝင်းကျော်တို့ကို စင်ကာပူအစိုးရက အလုပ်လုပ်ခွင့်ဗီဇာ ငြင်းဆိုမှုကြောင့် ဆန္ဒပြခြင်းဖြစ်သည်။
- ဇန်နဝါရီ (၁၃)ရက်က ရှမ်းပြည်အလယ်ပိုင်း မိုင်းကိုင်-တုံလောနယ်မြေတွင် နအဖတပ်များက ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) တပ်စခန်းတခုကို လာရောက်တိုက်ခိုက်သော်လည်း မအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာသွားသည်။
- အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက နအဖလက်ဝေခံ စီးပွားရေးသမားများဖြစ်သော မက်စ်မြန်မာကုမ္ပဏီ အကြီးအကဲ ဦးဇော်ဇော်နှင့် ဆောက်လုပ်ရေးကန်ထရိုက် ဦးဝင်းအောင်တို့ကို ဇန်နဝါရီ (၁၅)ရက်တွင် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့လိုက်သည်။
- နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရေးအတွက် နအဖအား တိုက်တွန်းထားချက်ကို ထောက်ခံကြောင်း ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဖော်ထုတ်ပြသကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူတရပ်လုံးကို ဇန်နဝါရီ (၂၉)ရက်၌ ဆော်ဩလိုက်သည်။ ♦

## ဖြစ်ရပ်မှန် ဇာတ်ကွဲ Tragedy

♦ အဲန်အယ်လ်ဒီအဖွဲ့ဝင် ကိုခင်မောင်ဝင်းသည် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာပြီး နိုင်ငံရေးလှုပ်ရှားနေစဉ် လွန်ခဲ့သော (၄)လခန့်က အဖမ်းခံခဲ့ရသည်။ ၎င်းကို တောင်ဒဂုံမြို့နယ်တရားရုံးက ဇန်နဝါရီ (၅)ရက်၌ ထောင်ဒဏ် (၁၀)နှစ်ချခဲ့သည်။ ကိုခင်မောင်ဝင်းသည် အမိန့်မချခင် တပတ်က အသက် ၂၉ နှစ်ရှိ မိမိချစ်သူ မပန်းဝါ (ခ) မပန်းဖြူဖြူနှင့် လက်ထပ်ခွင့်ပေးရန် တရားရုံးကို တောင်းဆိုခဲ့သော်လည်း ခွင့်ပြုချက်မရသည့်အတွက် (၅)ရက်နေ့တွင် တရားရုံး အချုပ်ခန်းပေါက်ဝတွင် မိဘနှစ်ပါးက လက်မှတ်ထိုး မင်္ဂလာဆောင်ပေးခဲ့သည်။ ရှေ့နေဦးညီညီလှိုင်က ယခုလို ပြောပြသည်။ *"ကိုခင်မောင်ဝင်းက ရှေ့နေလဲ မငှားဘူးဗျ။ သူဟောတ်တယ်၊ သူလုပ်တယ်၊ ဘာဖြစ်လဲ ဆိုပြီးတော့ ပြောလိုက်တော့ အမှုက မြန်မြန်ပြီးသွားတာပေါ့ ခင်ဗျာ။ အမိန့်မချခင်တပတ်က သူ့ကို အမိန့်ချမယ် ဆိုလို့ရှိရင် သူက တရားရုံးမှာဘဲ သူ့ကောင်မလေးနဲ့ လက်ထပ်ချင်လို့ပါလို့ ကြို ပြောတယ်။ မနေ့ကအမိန့်ချတော့ သူက တရားရုံးမှာဘဲ သူ့ကောင်မလေးနဲ့ လက်ထပ်ဖို့ပြောတော့ တရားရုံးကလက်မခံဘူး။ လက်မခံတော့ မနေ့က ထောင်ဒဏ်ချပြီးတဲ့အချိန်မှာ တရားရုံးအချုပ်ခန်းအပေါက်ဝမှာဘဲ နှစ်ဖက်မိဘတွေနဲ့ သူ့ကောင်မလေး မပန်းဖြူဖြူဆိုတဲ့ကောင်မလေးနဲ့ ကျနော့်ရှေ့မှာဘဲ လက်မှတ်ထိုးပြီး မင်္ဂလာဆောင်လိုက်တယ်ပေါ့။"*

♦ မြန်မာတနိုင်ငံလုံးတွင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ ကျဆင်းနေသော်လည်း ပြည်သူများ ဝယ်ယူစားသောက်နိုင်ခြင်းမရှိ ဖြစ်နေသည်။ ရန်ကုန်မြို့မှအိမ်ရှင်မတဦးက *"ဈေးကကျလာပြီဆိုပေမဲ့ ပိုက်ဆံကရှားလာပြီဆိုတော့ ပိုက်ဆံမထွက်အောင်ဘဲ မနည်းကြိုးစားနေရတယ်။ အရင်က အသားဆီပြန်ချက်တာတွေ ဘာတွေရှိပေမဲ့ ခုတော့ အသီးအရွက်လေးနဲ့၊ ချဉ်ရည်ဟင်းလေးဘဲချက်ပြီး ချွေတာနေရတယ်"* ဟုပြောသည်။ စီးပွားရေးအဆင်မပြေသဖြင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ပိုများလာပြီး စည်ပင်သာယာဈေးကောက်များ၏ အဖမ်းအဆီးနှင့် ဒဏ်ရိုက်မှုများလည်း ယခင်ထက် ပိုဆိုးလာသည်။ စားသောက်ကုန်ပစ္စည်းများလည်း အရောင်းပါးနေသည်။ *"သားငါး ရောင်းတဲ့သူတွေဆိုရင် အရင်က တနေ့ကို ၄ - ၅ သောင်းဖိုး၊ အခု ၁ သောင်း ၁ သောင်းခွဲလောက်တောင် ရောင်းလို့မရဘူးဆိုတော့ ၃ ချိုးကို ၂ ချိုးလောက်ကျသွားတာပေါ့နော်။ ဝင်ငွေမကောင်းတော့ ရောင်းအားတွေလဲ ကျတာပေါ့။" "ကွက်သစ်တွေမှာဆို အရင်ကတည်းကကျပ်တည်းတာ အခုဆို တော်တော်လေးဆိုးဝါးလာတာပေါ့။ အလုပ်ဖြစ်တာက အပေါင်ဆိုင်သမားတွေပေါ့နော်။ အစိုးရနဲ့ဆက်စပ်တဲ့သူတွေလောက်ဘဲ ပါမစ်တွေ ဘာတွေရပြီး အဆင်ပြေကြတာ။ ကျမတို့ပြည်သူတွေကတော့ ပြားပြီးရင်းပြားပေါ့။"*

♦ မန္တလေးတိုင်း မိတ္ထီလာအကျဉ်းထောင်ရှိ အကျဉ်းသား ၄၀၀ ခန့်ကို ထောင်အာဏာပိုင်များက ထောင်တွင်း ဝက်မွေးမြူရေး၊ နွားမွေးမြူရေးများမှာ ခိုင်းစေနေပြီး တာဝန်ကျအကျဉ်းသား စောင့်ရှောက်ရသည့် နွား၊ ဝက်များ တစုံတရာဖြစ်လျှင် ထိုအကျဉ်းသားကပင် အလျော်ပေးရသည်။ *"ဝက်မွေးမြူရေး နွားမွေးမြူရေးတွေမှာ တာဝန်ယူထားတဲ့ အကျဉ်းသားတွေက အဲဒီဟာတွေ မကျန်းမာဘူး ဆိုလို့ရှိရင် အကျဉ်းသားရဲ့မိသားစုဝင်တွေက နောက်ကနေ ဆေးဖိုးတို့ ဘာတို့ကို ဝက်တို့ နွားတို့အတွက်ကို လုပ်ပေးရတယ်ပေါ့နော်။ ၈၀၀၀ တန်ဝက် တကောင် သေသွားတာ သုံးသောင်းလျော်လိုက်ရတယ်။"* အလားတူပင် တသိန်းခွဲတန် နွားတကောင်သေလျှင် ၇ သိန်းတောင်းသဖြင့် အကျဉ်းသား၏မိသားစုက အိမ်ရောင်းပြီး ၅ သိန်း လျော်ပေးလိုက်ရသည်။ ထောင်ပိုင်ကြီး ဦးချိုလွင်က အကျဉ်းသားများကို သစ်ပင်ကြီးများ လှဲခိုင်းပြီး ထင်းရောင်းစားနေသည့်အပြင် ဝမ်းတော်ပြည့်ရပ်ကွက်နေ ငရုတ်သီးအိတ်စ်ပို့လုပ်ငန်းရှင်တဦးနှင့် ပူးပေါင်းပြီး ငရုတ်သီးအညှာချွေလုပ်ငန်းများအတွက်လည်း အကျဉ်းသားများကို ဈေးချိုချိုနှင့် ခိုင်းနေသည်။ အလုပ်ပြန်လျှင်လည်း ထောင်မှာ ချိုးရေမလုံလောက်သဖြင့် ယားနာများပေါက်နေကြသည်။ *"တရက်ကို ထောင်သားတွေက အချိန် ၂၀ ရှိတဲ့ အိပ် ၇၀၊ ၄ ပိဿာနှုန်းပြီးအောင် ခြွေရတယ်။ မီးမလာလို့ ရေမလာလို့ရှိရင် အဲဒီလက်အပူတွေနဲ့ ညအိပ်ရတယ်။ အဲဒီငရုတ်ခြွေတာနဲ့ပတ်သက်လို့ ဝဲတွေပေါက်တယ်၊ ရေမချိုးမရဘူး။ သစ်ပင်ကြီးတွေကို အကျဉ်းသားတွေကို လှဲခိုင်းပြီး ခွဲသားခြမ်းတွေကို ပြင်ပစားသောက်ဆိုင်တွေမှာ ရောင်းစားတယ်။ အဲဒီတော့ သူတို့ဝင်ငွေရှာတဲ့ဟာက ထောင်ပိုင်ကြီးဆိုရင် နေ့စဉ်ဝင်ငွေ ၃ သိန်းကျော်လောက်ရှိတယ်။"*

♦ မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါက္ကံနံသာသနာပြုစခန်း ကျောင်းထိုင်ဆရာတော်သစ် ဦးကုမာရ လက်ထက်တွင် မူလရွှေပေါက္ကံနံသာသနာပြုဆရာတော်ဘုရားကြီး ထားရစ်ခဲ့သော ကျပ်ငွေသိန်းလေးရာကျော် ပျောက်ဆုံးသွားသလို သာသနာပိုင်ကားများကိုလည်း ရောင်းချပစ်ခဲ့သည်။ အလားတူ အချို့ကျောင်းတိုက်အဆောက်များကိုလည်း ဖြိုချဖျက်ဆီးခဲ့ပြီး ဒေသခံ (၂၄)ဦးကို မောင်းထုတ်ကာ ဒေသခံအမျိုးသမီးတဦးကို ရိုက်နှက်ခဲ့သည်။ ကျောင်းတိုက်မှ ရှေးဟောင်းဘုရားများကို ဒကာဦးကျော်မြင့်အား ခိုးရောင်းခိုင်းခဲ့ရာ ဦးကျော်မြင့်အနေဖြင့် နောင်တတရားရလာချိန် ၂၀၀၇ ဇွန်လတွင် ကိုယ့်ကိုယ်ကို ကြိုးဆွဲချသတ်သေသည့်ပုံစံဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။ သို့ရာတွင် ဦးကျော်မြင့်သေဆုံးမှုကို မြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်ပေးခြင်းလည်း မရှိ၊ သေမှုသေခင်းလည်းမဖွင့်၊ သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးလက်မှတ်ယူခြင်းလည်းမရှိဘဲ နောကန်စခန်းမှ ကိုမော့ကို ပိုက်ဆံပေးပြီး မြှုပ်ခိုင်းလိုက်သည်။ ဦးကျော်မြင့်သေဆုံးမှုကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည့် ဆရာတော်ဦးတေဇနိယကိုလည်း ဆရာတော်ဦးကုမာရက ကျောင်းတိုက်မှ နှင်ထုတ်ခဲ့သည့်အပြင် ဦးတေဇနိယ မရှိသည့်နောက် ကျောင်းတိုက်ကို ဖျက်ဆီးဝင်ရောက်ခဲ့ပြီး ကျပ်(၂၀)သိန်းကျော် တန်ဖိုးရှိပစ္စည်းများကို သိမ်းယူခဲ့သည်။♦

## ကြပ်ပြေးမှ ငရဲတွင်း



နအဖစစ်အုပ်စုက ကြပ်ပြေးနေပြည်တော် ရေဇင်းနှင့် ရှမ်းပြည် ပင်လောင်းမြို့ကြား၌ နအဖထိပ်သီးများပုံးခိုရန် ဥမင်လိုဏ်ခေါင်းများတူးနေရာ အလုပ်သမားများကို ကတိပေးထားသည့် လစာသုံးသောင်း အပြည့်မပေးသည့်အပြင် နိုင်ငံသားမှတ်ပုံတင်ကဒ်များ သိမ်းထားကာ ဖိနှိပ်ခိုင်းစေမှုများကြောင့် အလုပ်သမား အချို့ထွက်ပြေးကြသည်။ လုပ်ငန်းခွင်အန္တရာယ် ကာကွယ်ရေးအစီအစဉ် မရှိသဖြင့် လိုဏ်ဂူတူးရင်း မြေကြီးပြို ကျောက်တုံးပြုတ်ကျ၊ ရေဝပ်၊ ယမ်းငွေ့ရှူ၊ လျှပ်စစ်ဓာတ်လိုက်ဒဏ်များ ခံနေရသည်။ အလုပ်သမားများကို နအဖ အမှတ် ၃ ဆောက်လုပ်ရေးတပ် လက်အောက်ခံကန်ထရိုက်များက နယ်မှခေါ်ယူလာခြင်းဖြစ်သည်။

ဥမင်လှိုင်ခေါင်းတူးနေသည့် ရှမ်းရိုးမတွင် စစ်တပ်က လုံခြုံရေး တင်းတင်းကြပ်ကြပ်ချထားပြီး တောင်ထိပ်တိုင်းတွင် လေယာဉ်ပစ်အမြောက်များ တင်ထားသည်။ လိုဏ်ခေါင်းမှာ အရွယ်ကြီးမားပြီး အပေါက်လေးပေါက်ရှိကြောင်း၊ အထဲတွင် ဝက်ပါသဖွယ် လမ်းအများအပြားရှိသည့်အပြင် ကားပါကင်များပါရှိပြီး ကျယ်ဝန်း၍ ရှည်လျားကြောင်း၊ အလုပ်သမား (၃၀၀) ခန့်က (၅)ဖွဲ့ခွဲလုပ်နေပြီး ကိုရီးယားလူမျိုးပညာရှင်များလည်း ပါဝင်ကြောင်း သိရသည်။

ရေဇင်းအရှေ့လိုဏ်ခေါင်းများမှာ ဗိုလ်ချုပ်ကြီးခင်ညွန့် ရာထူးမကျမီ ၂၀၀၂ ခုတွင် စဆောက်ခဲ့ရာ ၂၀၀၄ ခုတွင် ပထမဆင့် ပြီးစီးခဲ့သည်။ ယခု ဒုတိယဆင့်ကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။♦

# ဪ … နအဖ … နအဖ

☺ ဒီဇင်ဘာလ (၃၀)ရက်နေ့က နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ဇလွန်မြို့ကို ရောက်ရှိသည့်အခါ မြို့ခံပြည်သူများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများက ထွက်မကြိုသဖြင့် ဇန်နဝါရီ (၁)ရက်တွင် မယက အဖြုတ်ခံရပြီး ခယကလည်း နယ်ပြောင်းခံရသည်။ ထို့ပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇလွန်ပြည်တော်ပြန်ဘုရား၌ ဆီမီးပူဇော်နေစဉ် မီးခြစ် ခြစ်၍ မရသဖြင့် ဘုရားဂေါပက အဖွဲ့ဝင်များကိုပါ ဖြုတ်ပစ်လိုက်သည်။

☺ နိုင်ဂျီးရီးယားနိုင်ငံမှ ဇန်နဝါရီ (၁၁)ရက်ထုတ် The Punch သတင်းစာတွင် နယူးယောက်မြို့ရှိ နိုင်ဂျီးယားသံရုံး ယိုယွင်းနေမှုကိုပင် ပြင်ဆင်ရန် ဘဏ္ဍာရေးခက်ခဲနေချိန်၌ မြန်မာစစ်အာဏာရှင်ကို အမေရိကန်ဒေါ်လာ(၅)သိန်း လှူဒါန်းခဲ့ခြင်းသည် မရိုးသားသည့်လုပ်ဆောင်မှုတခုအဖြစ် ထောက်ပြကာ နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ဂျီးရီးယားနိုင်ငံ၏ ဂုဏ်သိက္ခာကျနေပုံကို ရေးသားဖော်ပြထားသည်။ နိုင်ဂျီးရီးယား လူ့အခွင့်အရေးဆိုင်ရာစာရေးဆရာများအသင်းကလည်း ယင်းသို့ ထောက်ပံ့မှုကို ပြစ်တင်ရှုတ်ချလိုက်သည်။

☺ ဇန်နဝါရီ (၁၃-၁၄-၁၅)ရက်များက စစ်ကိုင်းတိုင်း လဟယ်မြို့တွင် ကျင်းပခဲ့သော နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ကမ္ဘာလှည့်ခရီးသည် (၁၁)ဦးတိတိ လာရောက်ခဲ့၏။

☺ နအဖ ယဉ်ကျေးမှုဝန်ကြီးဌာန စီစဉ်ညွှန်ကြားမှုအရ ထုတ်ဝေသည့် သင်္ကြန်စာတွင် ၂၀၀၉ ခုနှစ်၌ မြန်မာပြည်သူပြည်သားအားလုံး အစိုးရနှင့် သဘောထားကွဲလွဲနေရာမှ အမြင်မှန်ရပြီး အစိုးရနှင့် ပြန်လည်ပူးပေါင်းလာလိမ့်မည်၊ ပြည်သူပြည်သားများအနေနှင့်လည်း စားဝတ်နေရေးအားလုံးချောင်လည်မည်၊ အစိုးရနှင့် သဘောထားကွဲလွဲနေကြသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများလည်း သဘောထားပြောင်းလဲ အမြင်မှန်ရ ပူးပေါင်းလိမ့်မည်ဟု ရေးထား၏။

☺ မြို့နယ်ကြံ့ဖွံ့အဖွဲ့၏တိုင်တန်းမှုကြောင့် ချင်းပြည် ကြံ့ဖွံ့တာဝန်ခံ နအဖ ပြည်ထဲရေးဒုဝန်ကြီး ဗိုလ်ချုပ်သူရအောင်ကိုက ချင်းပြည် ထန်တလန်မြို့နယ် မယကဥက္ကဋ္ဌ ဦးခွာလေ့ထန်ကို ဇန်နဝါရီတတိယပတ်အတွင်း မိမိသဘောနှင့်မိမိ ရာထူးဖြုတ်ချလိုက်သည်။

☺ ဖျာပုံမြို့နယ် ဆန်စပါးကုန်သည်ကြီးများအသင်းပိုင်ငွေမှာ ၂၀၀၈ ခုနှစ်အတွက် လိုငွေ ၁၃ သိန်းဖြစ်နေရာ၌ နာဂစ်လေဘေးသင့်သူများကို ကူညီငွေ ကျပ် ၁၀,၀၀၀၊ ဖျာပုံ ခယက၊ မယက စသည့် အာဏာပိုင်လူကြီးများအတွက် လက်ဆောင်ပေးကမ်းငွေ ကျပ် ၁၈ သိန်းဟု အသုံးစာရင်းပြထားသဖြင့် အသင်းဝင်များ မကျေမနပ်ဖြစ်ကာ အသင်းဥက္ကဋ္ဌ ဦးဝင်းကြိုင်ကို ဇန်နဝါရီတတိယပတ်အတွင်း ရာထူးမှဖယ်ရှားလိုက်သည်။

☺ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) ၂၀၀၇ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကျော်ကိုကိုနှင့် ကိုဥက္ကာလင်းအောင်တို့ကို ဇန်နဝါရီ (၂၁)ရက်တွင် တရားစွဲ အမှုစစ်ရာ၌ သက်သေ စွမ်းအားရှင်၊ ရယကတို့မှာ တရားရုံးတွင် တခုခုမေးလိုက်ပါက ကောင်းကောင်းမွန်မွန်မဖြေနိုင်ဘဲ မသိပါဘူး၊ မတတ်ပါဘူးဟုသာ ပြောနေပြီး အလွန်အမင်းကြောက်လန့်တုန်ရီနေကြသည်။ စွမ်းအားရှင်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်းလက်အောက်တွင် လုပ်သည်ကိုမေးရာ မသိကြောင်း၊ အလုပ်ခိုင်းသူမှာ ဥက္ကဋ္ဌဖြစ်ကြောင်းဖြေသလို မသိကြောင်းလည်း ဖြေသည်။

☺ ဇန်နဝါရီ (၂၂)ရက်နေ့က ဂျာမနီနိုင်ငံရှိ မြန်မာသံရုံးမှ လွတ်လပ်ရေးနေ့ အခမ်းအနားကို ဘာလင်မြို့ ဗီယက်နမ်စားသောက်ဆိုင်တခု၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်သီချင်းအစား ဂျာမန်အစိုးရကပိတ်ပင်ထားသည့် နာဇီခေတ် ဂျာမန်အမျိုးသားသီချင်းမှားဖွင့်ခဲ့သဖြင့် ဂျာမနီနိုင်ငံခြားရေးဌာနထံ တောင်းပန်ခဲ့ရသည်။

☺ နာဂစ်မုန်တိုင်းဒဏ်ခံရသည့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ကျုံကူကျေးရွာမှ စာသင်ကျောင်းလေးခုကို ရန်ကုန်တိုင်း သံဃာ့နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဦးကောသလ္လဦးစီး လောကဓမ္မစရိယဖောင်ဒေးရှင်းက ပြန်လည်ဆောက်လုပ် လှူဒါန်းခဲ့ပြီးနောက် ဆရာတော်က ငြိမ်းဖောင်ဒေးရှင်းအကူအညီဖြင့် ဇန်နဝါရီလအတွင်းက ကျောင်းဖွင့်ပွဲတွင် "ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး အမြင်ဖွင့်သင်တန်း" ဟူသည့် လူမှုရေးအထောက်အကူပြုပညာပေးသင်တန်းတခုလုပ်ခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ယင်းသင်တန်းကို နိုင်ငံရေးသင်တန်းထင်ပြီး ကြိမ်းမောင်းဆဲဆို၍ ပိတ်ပစ်ခဲ့သည်။

☺ ချင်းပြည်မြောက်ပိုင်း တွန်းဇံခရိုင်တွင် နအဖနယ်ခြားစောင့်တပ် ခလရ ၂၆၈၊ ဒေသအာဏာပိုင်များနှင့် ရဲများမှာ ကသည်းသူပုန်များထံမှ ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကုလားပဲ၊ အရက်စသည်ဖြင့် အရာရာတောင်းရမ်းမှီခိုနေကြသည်။

☺ ဇန်နဝါရီလကုန်၌ ရွှေတိဂုံဘုရားအလှူခံပုံးများကို တနှစ်လျှင် ကျပ်သိန်းငါးထောင်ဖြင့် ဘာသာခြားသူဌေးတဦးက ကန်ထရိုက်ယူထားသည်ဟု သတင်းများထွက်လာရာ ဂေါပကအတွင်းရေးမှူး ဦးဝင်းကြိုင်က ငြင်းနေသည်။ ♦

---

(နောက်ကျောဖုံး လူသတ် မှ)

☠ ၂၀၀၈ ခုနှစ်အတွင်း ရခိုင်ပြည်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် ကလေး (၂၀၀)နီးပါး အသက်ဆုံးခဲ့ကြသည်။

☠ ကချင်ပြည် ဖားကန့်ဒေသတွင် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(ပီအန်အို) ပိုင် ကျောက်စိမ်းနဂါးတူးဖော်ရေးလုပ်ကွက်၌ ဒီဇင်ဘာ (၃၁)ရက်က မီးလောင်ပေါက်ကွဲ၍ အနည်းဆုံး အလုပ်သမား (၂)ဦးသေ၊ (၈)ဦး ဒဏ်ရာရသွားခဲ့သည်။

☠ ဇန်နဝါရီ (၃)ရက်က မန္တလေးတိုင်း မြင်းခြံမြို့ တပ်ကုန်းကျောင်းတိုက်အနီးတွင် ဂျီတီစီ ပထမနှစ်ကျောင်းသားများဖြစ်ကြသော အောင်ခန့်မော်နှင့် ပိုပိုတို့စီးလာသည့်ဆိုင်ကယ်နှင့် အရက်မူးနေသူ တက်လမ်းကားဂိတ်မှူး (မန္တလေးတိုင်းရဲမှူး၏တူ) စီးလာသည့်ဆိုင်ကယ် တိုက်မိ၍ ကျောင်းသား(၂)ဦးစလုံး သေဆုံးသွားခဲ့သော်လည်း တဘက်မှဝင်တိုက်သူမှာ အရေးယူမခံရ။

☠ ကချင်ငြိမ်းအဖွဲ့ ဗဟိုဌာနချုပ် လိုင်ဇာမြို့နယ် လဂျားယန်ကျေးရွာသို့ အရောင်းအဝယ်လုပ်ငန်းဖြင့် ရောက်ရှိတည်းခိုနေသူတဦးကို ဇန်နဝါရီ (၅)ရက်ညက နယ်မြေခံစစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(စရဖ) သတင်းပေး ကိုငွေဆိုသူက အရက်မူးပြီး ဓားဖြင့်ထိုးသတ်ခဲ့သော်လည်း ဓားထိုးသူကို ရဲတပ်ဖွဲ့ကအရေးမယူခဲ့။

☠ စက်တင်ဘာသံဃာ့ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်မှုကြောင့် ထောင်ဒဏ် (၄)နှစ်ကျော်ကျခံနေရသည့် မြောက်ဥက္ကလာပမြို့နယ် သစ္စာသရဖူကျောင်းတိုက်မှ ဦးအာနန္ဒာ (သက်တော် ၆၁နှစ်)သည် ဇန်နဝါရီ (၂၂)ရက်တွင် အင်းစိန်ထောင်တွင်း၌ ပျံလွန်တော်မူသွားသည်။ ♦

(စာမျက်နှာ ၁၁ မှ)

စီးပွားရေးလုပ်ငန်းရှင် အိုလံပစ်ဦးကျော်စိန်ကို ဖမ်းဆီးလိုက်ရသည်။ ဝ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ပေါက်ယူချန်း၏သားမက် အိုက်ဟော့မှာမူ ရှောင်တိမ်းသွားသည်။

☹ ဇန်နဝါရီလကုန်ပိုင်း၌ ပဲခူးတိုင်း ကဝမြို့နယ် ဖိုးရိုးစုရွာတွင် ပညာရေးဦးစီးဌာနဝန်ထမ်းများနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ကျောင်းသားမိဘ၊ ရပ်မိရပ်ဖများနှင့် လုံးဝမတိုင်ပင်ဘဲ အဆောက်အဦးသစ်ဆောက်မည်ဆိုပြီး ကျပ်သိန်း ၂၀၀ ခန့်စီတန် ကျောင်းဆောင်(၂)ခုကို ဖြိုဖျက်ပစ်လိုက်သောကြောင့် ကျောင်းသားများမှာ ဘုန်းကြီးကျောင်းဇရပ်များတွင် စာဆက်သင်နေရသည်။

☹ နိုင်ငံရေးသမားများနှင့် ဒီမိုကရေစီရေး လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများအတွက် အမှုလိုက်ပေးနေသည့် အဲန်အယ်လ်ဒီရှေ့နေ (၆)ဦးဖြစ်သော ဦးကျော်ဟိုး၊ ဦးမြင့်သောင်း၊ ဦးမောင်မောင်လတ်၊ ဦးအောင်သန်းမြင့်၊ ဒေါ်ခင်ဌေးကြွယ်နှင့် လူငယ်ရှေ့နေ ကိုညီညီလှိုင်တို့ကို အာဏာပိုင်တို့က ဇန်နဝါရီ (၃၀)ရက်တွင် ဖမ်းဝရမ်းထုတ်လိုက်သည်။

☹ ရန်ကုန်သို့လာ၍ မြောက်ဥက္ကလာ ဝေဘာဂီကူးစက်ဆေးရုံရှေ့ ရေလယ်ဘုန်းတော်ကြီးကျောင်းတွင် ဆေးစောင့်နေသောနယ်မှ အိတ်ချ်အိုင်ဗွီ/အေ့ဒ်စ် ဝေဒနာသည် (၃၀)နီးပါးကို နအဖအာဏာပိုင်တို့က စစ်ဆေးမေးမြန်းကာ နောက်တနေ့တွင် ဝေဘာဂီဆေးရုံ၌ (၁၀)ရက်တက်ခိုင်းခဲ့ပြီးနောက် ဇန်နဝါရီ (၃၀)ရက်၌ ဆေးရုံဆင်းခိုင်းပြီး ချက်ချင်းနယ်ပြန်ရန် အမိန့်ပေးခဲ့သည်။ ♦

(နောက်ကျောဖုံး မင်းမဲ့ဝါဒ မှ)

ကျောက်တိုင်အမှတ် ၆၆ ပျောက်ဆုံးခဲ့ပြီးနောက်တွင်လည်း မိုလ်ချမ်ကျေးရွာကို နအဖဘက်က မိမိပိုင်အဖြစ် သတ်မှတ်ကျူးကျော်နေခဲ့သည်။ ဤနေရာများမှာ အိန္ဒိယအစိုးရတပ်များနှင့် မဏိပူရခွဲထွက်ရေးသူပုန်များ မကြာခဏတိုက်ပွဲဖြစ်ပွားရာ ဒေသများဖြစ်သည်။

☹ ဗကသအဖွဲ့ဝင် မန္တလေးတက္ကသိုလ် ပထမနှစ်ကျောင်းသား ကိုဘိုမင်းယုကို (ခေါ်) ဖြိုးကြီး (၂၂ နှစ်)ကို တရားဥပဒေအရ ခုခံချေပခွင့်မပေးဘဲ မန္တလေး အိုးဘိုထောင်တွင်းတရားရုံးက ဇန်နဝါရီ (၃)ရက်တွင် ထောင်ဒဏ် (၁၀၄) နှစ် စီရင်ချက်ချလိုက်သည်။

☹ ဇန်နဝါရီလဆန်း၌ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်များအား သက်ဆိုင်ရာတရားရုံးများမှ အမှုတွဲမိတ္တူ ထုတ်မပေးတော့သည့်အတွက် ဂျနီဗာအခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (အိုင်စီအာစီ) သို့ အမှုတွဲမိတ္တူမတင်ပြနိုင်သဖြင့် ကူညီထောက်ပံ့မှုမရ ဖြစ်နေသည်။

☹ ရန်ကုန်မြို့ လူနေတိုက်ခန်းများတွင် ဖွင့်လှစ်ထားသည့် ခရစ်ယာန်ဝတ်ပြုကျောင်းများ၊ အစ္စလာမ်ဗလီများနှင့် ခရစ်ယာန်၊ အစ္စလမ်ဘာသာရေးသင်တန်းများကို အာဏာပိုင်တို့က ဇန်နဝါရီ (၅)ရက်တွင် ပိတ်ပင်လိုက်ရာ ခရစ်ယာန်ဝတ်ပြုဆုတောင်းအသင်း ၁၀၀ ကျော် (ခရစ်ယာန်အသင်းတော်အားလုံး၏ ၈၀ ရာခိုင်နှုန်း) ပိတ်ပင်ခံလိုက်ရသည်။

☹ ရန်ကုန်မြို့ရှိ နိုင်ငံခြားဘာသာသင်တက္ကသိုလ် တက်ရောက်သူများသည် ကြံ့ဖွံ့အဖွဲ့ဝင်ဖြစ်ပါက အမှတ်မမီသော်လည်း အင်္ဂလိပ်၊ ဂျပန်၊ တရုတ် ဘာသာအဓိကအတန်းများသို့ တက်ရောက်ခွင့်ရနေသည်။

☹ ထောင်တွင်းမှစာများ ထောင်ပြင်ခိုးထုတ်မှုဖြင့် အာဏာပိုင်တို့ကစွပ်စွဲပြီး ထောင်ဒဏ် (၉)နှစ်ချမှတ်ခံထားသူ ကိုဇော်နိုင်ထွေး (၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမာကီး၏ညီ) မှာ ဇန်နဝါရီလအစောပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့ ၄ မိုင် ရဲဘက်အလုပ်ကြမ်းစခန်းသို့ ပို့ခံရသည်။

☹ စီးပွားရေးအဆင်မပြေသဖြင့် ထွက်ပြေးလာသော ရခိုင်ပြည်အနောက်ခြမ်းမှ မွတ်ဆလင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများနှင့်တွဲဖက်၍ စက်လှေများဖြင့် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ တဖွဲဖွဲရောက်ရှိလာနေကြပြီး အချို့မှာ ထိုင်းရေတပ်မှ ဖမ်းဆီးနှင်ထုတ်ခံရ၍ ရေနစ်/ငတ်ပြတ် သေဆုံးကြရသည်။

☹ ဇန်နဝါရီ (၈)ရက်က မန္တလေးတိုင်း မြင်းခြံမြို့၌ နအဖတပ်ခမရ ၁၅ မှ ဗိုလ်ကြီးတဦးနှင့် တပ်ကြပ်ကြီးတဦးတို့သည် ၁၉ ရပ်ကွက်ရှိ နယူးလိုက်ဖ်ကာရာအိုကေဆိုင်တွင် အရက်မူးယစ်ရမ်းကားပြီး သေနတ်ထုတ် ခြိမ်းခြောက်သောင်းကျန်းခဲ့သည်။

☹ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံ၏ ပြည်ပပို့မျိုးစုံစျေးကွက်ပျက်ပြားမှုနှင့်အတူ မသမာမှုများ ပေါ်ပေါက်ခဲ့သဖြင့် တိုင်းရင်းသားပဲလုပ်ငန်းရှင်များမှာ အနည်းဆုံး ကျပ်ငွေ ၂၀၃ ဘီလီယံဆုံးရှုံးသွားကြောင်း နအဖ စီးပွား-ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဇန်နဝါရီ (၈)ရက်တွင်ပြောသည်။

☹ ဇန်နဝါရီလ (၁၂)ရက်တွင် နိုင်ငံရေးအကျဉ်းသား ကိုမြတ်သူ (ခေါ်) ကိုကိုဇော်သည် ညီဖြစ်သူနှင့် ထောင်ဝင်စာတွေ့စဉ် မိသားစုကိစ္စမပြောဘဲ နိုင်ငံရေးကိစ္စများ ပြောဆိုခဲ့သဖြင့်ဟုဆိုကာ ထောင်ဝင်စာတလ ပိတ်ခံရသည်။

☹ ဇန်နဝါရီ (၁၄)ရက်က မွန်ပြည် သံဖြူဇရပ်မြို့နယ် ကြာကန်ရွာ မူလတန်းကျောင်းမှ ကျောင်းသား (၁၄)ဦး ကြက်ဆူသီးစားမိ၍ မူးဝေအော့အန်ဝမ်းလျှောသဖြင့် သံဖြူဇရပ်ဆေးရုံသို့ ပို့လိုက်ရသည်။

☹ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) သို့ တိုင်ကြားမှုများနှင့် နိုင်ငံရေးအမှုများ၌ လိုက်ပါအကျိုးဆောင်နေသည့် လူငယ်ရှေ့နေ ကိုဖိုးဖြိုးကို မကွေးတိုင်းအာဏာပိုင်တို့က ဇန်နဝါရီ (၁၅)ရက်၌ ဖမ်းဆီးလိုက်သည်။

☹ ပဲခူးမြို့ လဝကမြို့နယ်မှူး ဦးခင်မောင်စိုးသည် သံဃာ့မှတ်ပုံတင်လုပ်ရန် လျှောက်လွှာဖောင် လာယူသူတိုင်းက အနည်းဆုံး ကျပ် ၅၀၀၀ ပေးမှ ထုတ်ပေးလေ့ရှိသည်။

☹ ဇန်နဝါရီ (၁၈)ရက်က ကသည်းပြည်နယ်ခွဲထွက်ရေး လက်နက်ကိုင်သူပုန်များက အိန္ဒိယနယ်ခြားစောင့်တပ်ကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် မြန်မာပိုင်နက် တမူးမြို့နယ် ဘုတ်ကန်ရွာထဲ တိမ်းရှောင်ဝင်ရောက်သွားသဖြင့် အိန္ဒိယတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ ဘုတ်ကန်ရွာသား မီဗို (လူရှိုင်း) တိုင်းရင်းသူ မမောရီး (၂၈ နှစ်)နှင့် သားဖြစ်သူ လာလွန်ပီးရာ (၅ နှစ်) တို့(၂)ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။

☹ မန္တလေးအိုးဘိုထောင်တွင် ထောင်ဒဏ် (၂၆)နှစ် ချခံထားရသည့် နိုင်ငံရေးအကျဉ်းသူ မကေသီအောင် (၂၃ နှစ်)သည် အာဟာရချို့တဲ့မှုကြောင့် ဇန်နဝါရီလလယ်၌ (၃)လသားကိုယ်ဝန်ပျက်ကျသွားခဲ့သည်။ ခင်ပွန်းဖြစ်သူ အထက်ဗမာပြည် ဗကသကျောင်းသား ကိုထွန်းထွန်းကို မဖမ်းမိသဖြင့် မကေသီအောင်ကို ဓားစာခံအဖြစ် ဖမ်းဆီးထောင်ချထားခြင်းဖြစ်သည်။

☹ ဇန်နဝါရီ တတိယပတ်၌ ကချင်ပြည် ခေါင်လံဖူးမြို့နယ် ချန်ချီချောင်းတလျှောက် ကျေးရွာပေါင်း ၁၀ ရွာခန့်မှ ဒေသခံပြည်သူ ၃၀၀၀ ခန့် လုပ်ကိုင်စားသောက်နေသည့် ရွှေတွင်းများကို နအဖမြို့နယ်မှူးအမိန့်နှင့် ရွှေတူးခွင့်ပိတ်လိုက်ပြီး အဲန်ဒီအေ-ကေငြိမ်းအဖွဲ့ခွဲထွက် ပန်ခူးတန်ဦးစီးသော လပြည့်ဝန်းကုမ္ပဏီကို တူးဖော်ခွင့်ချပေးလိုက်သည်။ ယင်းကုမ္ပဏီက တရုတ်ကုမ္ပဏီကြီးတခုသို့ တရုတ်ငွေ သိန်း ၂၀၀ နှင့် စာချုပ်ထားသည်။

☹ ရှန်စီးပြည်နယ်မှ ကလေးများအပါအဝင် တရုတ်လူငယ် (၅၀)ခန့်ကို တရုတ်လူဆိုးဂိုဏ်းများက ယူနန်ပြည်နယ် ခွန်းမင်းမြို့မှတဆင့် တရားဥပဒေကင်းမဲ့သော မြန်မာနိုင်ငံသို့ ပြန်ပေးဆွဲ ငွေတောင်းခဲ့ရာ ဇန်နဝါရီ တတိယပတ်အကုန်ထိ (၁၉)ဦးပျောက်ဆုံးနေဆဲဖြစ်ပြီး (၁၇)ဦးမှာမူ ပြန်လွတ်ခဲ့ပြီဖြစ်သည်။

☹ ဇန်နဝါရီ (၂၁)ရက်က ရန်ကုန် မြောက်ဥက္ကလာ နွယ်သာကီလမ်း မီးလောင်မှုတွင် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းမီးသတ်၍ မီးညွန့်ကျိုးပြီးမှ မီးသတ်ကား (၁၀)စီးရောက်လာရာ မီးလောင်အိမ်ရှင်ကို တစီးလျှင် ၅ သောင်းနှုန်းဖြင့် (၁၀)စီးအတွက် ကျပ် ၅ သိန်း ပိုက်ဆံတောင်းခဲ့သည်။ နောက်ဆုံးတွင် ၃ သိန်းနှင့်စျေးတည့်သွားသည်။

☹ ရန်ကုန်မြို့ရှိ အများသုံးအင်တာနက်ဆိုင်များတွင် ယခုအခါ သုံးစွဲသူများ၏ လုပ်ဆောင်ချက်များကို ခိုးမှတ်သော Logmein ပရိုဂရမ်များ ထည့်သွင်းတပ်ဆင်ပြီး ကြည့်ရှု အလွဲသုံးစားလုပ်နေသည်။ ယခင်ကလည်း Keylogger ပရိုဂရမ်များ တပ်ဆင်၍ သုံးစွဲသူများကို ထောက်လှမ်းခဲ့ကြသည်။

☹ ဇန်နဝါရီ (၂၁)ရက် မနက်က သံလျင်နည်းပညာတက္ကသိုလ်ကျောင်းသား (၄၀)ကျော်ပါသည့် ကျောင်းကားတစီး တိမ်းမှောက်၍ ကျောင်းသားအားလုံး ဒဏ်ရာရခဲ့ရာ (၃)ဦးမှာ ဒဏ်ရာပြင်းထန်သည်။ ထိုနေ့မှာပင် ရွာသာကြီး စီးပွားရေးတက္ကသိုလ်ကျောင်းကားတစီး ဒဂုံတောင်ပိုင်း ၁၄၀ ရပ်ကွက်၊ အမှတ် ၂ လမ်းမကြီးဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ဇန်နဝါရီ (၂၃)ရက်ကလည်း ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်တွင် ရေကြောင်းသိပ္ပံတက္ကသိုလ်ကျောင်းကားတစီး တိမ်းမှောက်ခဲ့ရာ ဆရာမ (၁)ဦး၊ ကျောင်းသား (၁၂)ဦး ဒဏ်ရာရခဲ့သည်။

☹ ၂၀၀၆ ခု စက်တင်ဘာလ၌ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် အရက်ဆိုင်ရှင် ကိုမြင့်လွင်နှင့် မိသားစုဝင်များက လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် မစန်းစန်းသွင်၏မိခင် ဒေါ်ခင်သိန်း (၅၉ နှစ်) နှင့် အကိုဖြစ်သူ ဦးတင်မောင်ဝင်းတို့ကို အုပ်စုလိုက်ဝိုင်းဝန်းရိုက်နှက်ခဲ့မှုဖြစ်ခဲ့ရာ အရိုက်ခံရသူ ဦးတင်မောင်ဝင်းမှာ ၂၀၀၈ အောက်တိုဘာ (၈)ရက်၌ ထောင် (၂)လချခံရပြီး ဒေါ်ခင်သိန်းကိုလည်း လှည်းကူးမြို့နယ်တရားရုံးက ဇန်နဝါရီ (၂၃)ရက်တွင် ထောင်ဒဏ် (၁)လချမှတ်ခဲ့သည်။ ရိုက်သူများမှာ အရေးယူမခံရ။

☹ နိုင်ငံတကာရဲတပ်ဖွဲ့နှင့် တရုတ်အစိုးရထောက်လှမ်းရေးအဖွဲ့များ သတင်းပေးချက်အရ ဇန်နဝါရီ (၂၅)ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာမည့် စင်ကာပူအလံတင် ကိုတာတီဂက် အမည်ရှိသင်္ဘောတစီးပေါ်မှ ဘိန်းဖြူ (၇၉)ကီလိုဂရမ်ကို မြန်မာနိုင်ငံ မူးယစ်အထူးရဲနှင့် အကောက်ခွန်ဦးစီးဌာန ပူးပေါင်းဖမ်းဆီးမိခဲ့သည်။ ဤအမှုနှင့်ပတ်သက်၍ ဇန်နဝါရီ (၂၈)ရက်တွင် နာမည်ကြီး

(စာမျက်နှာ ၁၀ သို့)

NCGUB

ပြည်ထောင်စုမြန်မာနိုင်ငံ
အမျိုးသားညွန့်ပေါင်းအစိုးရ
မှ ထုတ်ဝေသည်။

ဒီမိုကရေစီ လူ့အခွင့်အရေး ဖက်ဒရယ်

NCGUB
77 South Washington Street
Suite 308
Rockville, Maryland 20850
USA
Tel: (301) 424-4810
Fax: (301) 424-4812
E-mail: ncgub@ncgub.net

www.ncgub.net

www.campaignfordemocracy.net

# ပိုလီယိုတိုက်ပြည်

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ လုံးဝကင်းစင်ပပျောက်သွားပြီဟု နအဖစစ်အုပ်စုက ၂၀၀၃ ခုနှစ်တွင် ကြေညာခဲ့သော်လည်း ၂၀၀၇ ခုနှစ်အတွင်း ရခိုင်ပြည် မောင်းတောမြို့နယ်တွင် (၁၀)ဦး၊ ရခိုင်ပြည် ဘူးသီးတောင်မြို့နယ်တွင် (၁)ဦး၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ်တွင် (၁)ဦး၊ ပဲခူးတိုင်း ဖြူးမြို့နယ်တွင် (၁)ဦး၊ ကရင်ပြည် ဖားအံမြို့နယ်တွင် (၁)ဦး၊ မွန်ပြည် ချောင်းဆုံမြို့နယ်တွင် (၁)ဦး၊ စုစုပေါင်း ကလေးငယ်(၁၅)ဦးတွင် ပိုလီယိုရောဂါ ဖြစ်ပွားခဲ့သည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ဇန်နဝါရီလအတွင်း ထုတ်ပြန်ကြေညာလိုက်သည်။

အာရှတိုက်တွင် ပိုလီယိုရောဂါ ကြွင်းကျန်နေဆဲတိုင်းပြည်များမှာ **မြန်မာ**၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား တို့ဖြစ်ပြီး အာဖရိကတိုက်တွင် ချက်ဒ်၊ ကွန်ဂို၊ ဆူဒန်၊ နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ အင်ဂိုလာ၊ ဆိုမာလီယာ တို့သာ ကမ္ဘာပေါ်တွင် ကျန်ရှိတော့သည်။ ♦




☹ ၂၀၀၈ မေလ၌ ရှမ်းပြည် ညောင်ရွှေမြို့ရှိ ဟော်နန်းမှ စော်ဘွားနန်းဝတ်နန်းစားများ၊ နန်းတွင်းအသုံးအဆောင်များနှင့် ပလ္လင်(၂)ဆောင်ကို နအဖအာဏာပိုင်တို့က တိတ်တဆိတ်ယူငင် ဖျောက်ဖျက်လိုက်သည်။

☹ မော်ဘီအခြေစိုက် နအဖတပ် ခမရ ၇၀၁ မှ အရာခံဗိုလ်တဦးကို မူးယစ်ဆေးဝါးကုန်ကူးမှုဖြင့် ဒီဇင်ဘာလနှောင်းပိုင်း၌ ဖမ်းဆီးခဲ့သည်။

☹ အဲန်အယ်လ်ဒီထိပ်တန်းခေါင်းဆောင်များ၏ ပျော့ညံ့မှုကို မကျေနပ်၍ဟုဆိုပြီး အဲန်အယ်လ်ဒီလူငယ်အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ခဲ့သူ ခင်ထွန်းနှင့် နအဖသြဇာခံ စင်ပြိုင် ဂဂ အဖွဲ့ခေါင်းဆောင် အေးလွင်တို့ ဒီဇင်ဘာ (၂၉)ရက်နေ့လည်က ပုလဲကွန်ဒို တိုက်ခန်းအမှတ် (၁၀၃) တွင် တွေ့ဆုံခဲ့သည်။ ခင်ထွန်းသည် ဦးဝင်းတင်ကိုလည်း ၎င်းတို့၏ဆရာသဖွယ် အသွင်ဖြစ်အောင် အသုံးချခဲ့သော်လည်း ဦးဝင်းတင်မှ လက်မခံဘဲ ပယ်ချခဲ့သည်။ ခင်ထွန်းသည် ယခင်ကလည်း ဦးတင်ဦးကို အထက်စီးမှ မောက်မာစွာဆက်ဆံခဲ့သူဖြစ်သည်။

☹ ရခိုင်ပြည်တွင် ကောသိန်းချီရှိသော လယ်ယာမြေများကို နအဖအာဏာပိုင်တို့က ပုဇွန်ကန်များအဖြစ် အဓမ္မသိမ်းယူပြောင်းလဲပစ်ခြင်း၊ ကြက်ဆူပင်များ အဓမ္မစိုက်ပျိုးစေခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အငှားချခြင်းတို့ကြောင့် ရခိုင်ပြည်သူများ လယ်မဲ့ယာမဲ့ဖြစ်ကာ အငတ်ဘေးရင်ဆိုင်နေရသည်။

☹ ရခိုင်ပြည်တွင် မူလတန်းပညာ မသင်နိုင်သော ကလေးဦးရေမှာ ကလေး အားလုံး၏ ၄၀ ရာခိုင်နှုန်းရှိနေသည်။

☹ ၂၀၀၈ ခုနှစ်အတွင်း အိန္ဒိယ-မြန်မာနယ်ခြားကျောက်တိုင်အမှတ် ၉၄ ပျောက်ဆုံးသွားပြီးနောက် အိန္ဒိယပိုင် ရှာရှိုင်ခူနိုကျေးရွာကို နအဖက မိမိပိုင်အဖြစ် သတ်မှတ်တောင်းဆိုနေသည်။ အလားတူ နယ်ခြား

(စာမျက်နှာ ၁၁ သို့)

# စီးပွားရေး မလွတ်လပ်ဆုံး

အမေရိကန် အခြေစိုက် ဟာရီတေ့ချ်ဖောင်ဒေးရှင်းနှင့် ဝေါစထရိဂျာနယ်က နှစ်ပတ်လည် စီးပွားရေးလွတ်လပ်ခွင့်စစ်တမ်းကို ဇန်နဝါရီ (၁၃)ရက်တွင် ထုတ်ပြန်လိုက်ရာ မြောက်ကိုရီးယား၊ ဇင်ဘာဘွေ၊ ကျူးဘား၊ **မြန်မာ** တို့သည် ကမ္ဘာ့စီးပွားရေးလွတ်လပ်ခွင့်အကင်းမဲ့ဆုံး နိုင်ငံလေးနိုင်ငံထဲ ပါဝင်နေသည်ဟု ဖော်ပြထားသည်။ တနည်းအားဖြင့် နိုင်ငံပေါင်း (၁၇၉)နိုင်ငံအနက် မြန်မာနိုင်ငံသည် စတုတ္ထမြောက် စီးပွားရေးမလွတ်လပ်ဆုံးနိုင်ငံ ဖြစ်နေသည်။ နိုင်ငံသားတဦးချင်း၏ လွတ်လပ်စွာအလုပ်လုပ်ခွင့်၊ ထုတ်လုပ်ခွင့်၊ ဝယ်ယူသုံးစွဲခွင့်၊ ပုဂ္ဂလိကပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ ဈေးကွက်လွတ်လပ်ခွင့်၊ အခွန်အကောက်၊ ကုန်သွယ်ရေး-စီးပွားရေးလုပ်ငန်းများ အနှောက်အယှက်ကင်းရှင်းမှု၊ အတင်းအကျပ်စေခိုင်းမခံရမှုစသည့် အချက်များကို အခြေခံတွက်ချက်ထားခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စီးပွားရေးအလွတ်လပ်ဆုံးနိုင်ငံများမှာ ဟောင်ကောင်၊ စင်္ကာပူ၊ သြစတြေးလျ၊ အိုင်ယာလန်နှင့် နယူးဇီလန် တို့ဖြစ်သည်။ ♦

# လူသတ်ယန္တရား THE KILLING MACHINE

☠ စစ်ကိုင်းတိုင်း ကနီမြို့နယ်တွင် နယ်မြေခံအာဏာပိုင်တို့က ဒေသခံလူထုကို ကြက်ဆူခင်းပေါင်းရှင်း၊ ကြက်ဆူသီးကောက် စသည့်အလုပ်များ တပတ်လျှင်တရက် အဓမ္မလုပ်အားပေးခိုင်းနေရာ ၂၀၀၈ ခုနိုဝင်ဘာလအတွင်းက စဖိုကြီးရွာမှ အသက် ၂၀ အရွယ် မိန်းကလေး (၂)ဦး လုပ်အားပေးလိုက်ရစဉ် အဆိပ်ပြင်းမြွေကိုက်ခံရ၍ သေဆုံးသွားခဲ့သည်။

☠ ၂၀၀၈ ခုနှစ် မတ် (၁၂)ရက်တွင် ရခိုင်ပြည် ပုဏ္ဏားကျွန်း အခြေစိုက် ခမရ ၅၅၀ မှ ဇော်ကို၊ ဧပြီ (၁၅)ရက်တွင် ရသေ့တောင်အခြေစိုက် ခမရ ၅၃၆ မှ ဇော်ဇော်မင်း၊ ရသေ့တောင်အခြေစိုက် ခမရ ၅၃၈ မှ ဝင်းမြင့်၊ နိုဝင်ဘာ (၁၃)ရက်တွင် မြောက်ဦး အခြေစိုက် ခမရ ၃၇၈ မှ ဇော်ဇော်သိန်းနှင့် ဒီဇင်ဘာ (၁၅)ရက်တွင် ဘူးသီးတောင်အခြေစိုက် ခမရ ၅၅၁ မှ အမည်စုံစမ်းဆဲရဲဘော်တဦးတို့သည် တပ်ထွက်ခွင့်မရသဖြင့် ကိုယ့်ကိုယ်ကိုသေနတ်နှင့်ပစ် သတ်သေခဲ့ကြသည်။

(စာမျက်နှာ ၁၀ သို့)